ကြေးမုံ
The Mirror
၁၃၇၃ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၁ ရက်၊ ကြာသပတေးနေ့၊ (19-1-2012)(၇၀၀၉)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

☆ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

☆ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

ရာဇဂြိုဟ်ရေလှောင်တမံသည် စိုက်ပျိုးရေနှင့် လျှပ်စစ်ဓာတ်အားထုတ်မည့် ဘက်စုံစီမံကိန်းဖြစ်

ရေပေးမြောင်းများအမြန်ပြီးစီးအောင်တည်ဆောက်၍ ရေပေးဝေသည့်လုပ်ငန်း အလျင်စတင်နိုင်ရန်စီစဉ်

နေပြည်တော် ဇန်နဝါရီ ၁၈

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့၌ ရောက်ရှိနေသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးသည် ပြည်ထောင်စုဝန်ကြီးများ၊ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်၊ ချင်းပြည်နယ်ဝန်ကြီးချုပ်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီးနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ဇန်နဝါရီ ၁၇ ရက် နံနက်ပိုင်းတွင် ကလေးမြို့မှ မော်တော်ယာဉ်များဖြင့်ထွက်ခွာခဲ့ရာ ကလေးမြို့နယ် ရာဇဂြိုဟ်ကျေးရွာ မြောက်ဘက်နှစ်မိုင်အကွာ နေရဋ္ဌရာချောင်း၌ တည်ဆောက်လျက်ရှိသည့် ရာဇဂြိုဟ်ရေလှောင်တမံဘက်စုံစီမံကိန်းသို့ရောက်ရှိသည်။ **စာမျက်နှာ ၈ ကော်လံ ၁ သို့ ❍**

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး ရာဇဂြိုဟ်ရေလှောင်တမံ ဘက်စုံစီမံကိန်း ရှင်းလင်းဆောင်၌ တာဝန်ရှိသူများအား မှာကြားစဉ်။ (သတင်းစဉ်)

ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးလုပ်ငန်းစဉ်များတွင် နိုင်ငံရေးပါတီများအပါအဝင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး အတူတကွ ပူးပေါင်းပါဝင်လာနိုင်ရေး အလေးထားဆောင်ရွက်ပေးနေ

နေပြည်တော် ဇန်နဝါရီ ၁၈

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့၌ ရောက်ရှိနေသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးသည် ဇန်နဝါရီ ၁၆ ရက် ညနေပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ အောင်ဇေယျခန်းမ၌ကျင်းပသော တွေ့ဆုံပွဲသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီးများ၊ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်၊ ချင်းပြည်နယ်ဝန်ကြီးချုပ်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးများ၊ ချင်းပြည်နယ်ဝန်ကြီးများ၊ ခရိုင်နှင့်မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် မြို့မိမြို့ဖများ တက်ရောက်ကြသည်။

စာမျက်နှာ ၉ ကော်လံ ၂ သို့ ☆

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး ကလေးမြို့ အောင်ဇေယျခန်းမ၌ တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ကြေးမုံ စာ တ ည်း ရှု ထော င့်

၁၉-၁-၂၀၁၂[ကြာသပတေးနေ့]။

ချိန်ခါမလပ် မပြတ်သတိ

လူတို့နေထိုင်ရာ မြေကမ္ဘာတွင် ငြိမ်းချမ်းသာယာမှုများ လွှမ်းခြုံဖြစ်ထွန်းနေသည့်အခါ သာယာပျော်ရွှင်ဖွယ်ရာများအတိ ပြီးသည်။ လက်နက်ကိုင်တိုက်ခိုက်မှုများ၊ ပဋိပက္ခများနှင့် ကြုံဆုံနေရသောအခါ မငြိမ်းချမ်းသောကမ္ဘာသည် တည်ငြိမ်ဖွံ့ဖြိုးမှုများ ဆိတ်သုဉ်းနေမည်ဖြစ်သည်။ ထို့ကြောင့်ပင် လူတို့ပယောဂကြောင့် ဖြစ်ပျက်နေသည့်အန္တရာယ်များ ရပ်ဆိုင်းစေရေး ကြိုးပမ်းနေကြခြင်းဖြစ်သည်။

လူမှုပတ်ဝန်းကျင် ချမ်းမြေ့သာယာခြင်းများ ပျက်သုဉ်းရမှုများတွင် သဘာဝဘေးအန္တရာယ်များ၏ ရိုက်ခတ်မှုသည် ထိပ်ဆုံးကပါနေသည်။ သဘာဝဘေးအန္တရာယ်များတွင် ရေဘေး၊ မုန်တိုင်းဘေး၊ မီးဘေးအန္တရာယ်များ ပါဝင်နေသည်။ သဘာဝဘေးအန္တရာယ်သည် အချိန်အခါ ရာသီမလပ်ဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်တားဆီး၍ မရနိုင်သော်လည်း အပျက်အစီးအထိအခိုက် သေကျေဆုံးရှုံးမှု မရှိစေရန်မှု အကာအကွယ်များ ပြုလုပ်ထားနိုင်သည်။ ၂၀၀၈ ခုနှစ်က မြန်မာနိုင်ငံမြစ်ဝကျွန်းပေါ်ဒေသများ၌ နာဂစ်မုန်တိုင်းတိုက်ခတ်မှုကြောင့် ထိခိုက်သေကျေဆုံးရှုံးမှုများဖြစ်ခဲ့ရာ မုန်တိုင်းလွန်ကာလမှစ၍ မုန်တိုင်းကာအဆောက်အအုံများနှင့် ပင်လယ်ပိုင်းနှင့် ဆက်သွယ်ရေးလမ်းကြောင်းများကို တည်ဆောက်ဖောက်လုပ်ခဲ့ကြပြီး ဖြစ်သည်။

ထို့အပြင် ရာသီမရွေး မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကိုလည်း ပို၍ပို၍ လုပ်ဆောင်သင့်သည်။ နိုင်ငံတစ်ဝန်း၌ ၂၀၁၁ ခုနှစ်အတွင်းက မီးလောင်မှုပေါင်း ကိုးရာကျော်ဖြစ်ပွားခဲ့ရာ ကျပ် ၁၀ သန်းနှင့်အထက် မီးလောင်ဆုံးရှုံးမှုဖြစ်ပွားပြီး ကြီးမားသောဆုံးရှုံးမှုများ ကြုံတွေ့ခဲ့ရသည်။ အချို့မီးလောင်မှုများမှာ လူနေအိမ်ခြေအဆောက်အအုံများ ဆုံးရှုံးမှုများသာမက သေကျေပျက်စီးမှုများပင် တွေ့ရသည်။ မီးလောင်မှုများတွင် ပေါ့ဆမီး၊ မီးဖိုမီး၊ လျှပ်စစ်ကြောင့်လောင်သောမီး၊ မသမာသူရှို့မီးများ တွေ့ရ သော်လည်း ပေါ့ဆမီးကြောင့် မီးလောင်မှုသည် အများဆုံးဖြစ်နေသည်။

တစ်နှစ်ထက်တစ်နှစ် မီးလောင်မှုအကြိမ်ရေ တိုးလာရုံသာမက ပျက်စီးဆုံးရှုံးမှုကြီးမားသည့် မီးလောင်မှုများ ပါဝင်လာသည်။ နိုင်ငံဖွံ့ဖြိုးလာမှုနှင့်အတူ တိုးတက်လာသော လူဦးရေအပေါ်မူတည်၍ လူနေအဆောက်အအုံများ၊ အထပ်မြင့်အဆောက်အအုံများ၊ သယ်ယူပို့ဆောင်ရေးဆိုင်ရာ ယန္တရားများ၊ လောင်စာဆီနှင့် ဓာတုဗေဒပစ္စည်းသိုလှောင်ရုံများ ပိုမိုဆောက်လုပ်အသုံးပြုလျက်ရှိရာ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးကို ပိုမိုအလေးထားလုပ်ဆောင်ကြရပေတော့မည်။

မီးသတ်ဦးစီးဌာနက မီးဘေးကြိုတင်ကာကွယ်ရေး ပညာပေးဟောပြောပွဲများ၊ မီးငြိမ်းသတ်သရုပ်ပြမှုများနှင့် ဇာတ်တိုက်လေ့ကျင့်မှုများကို ရုံး၊ ဌာန၊ စက်ရုံများအလိုက် ဆောင်ရွက်နေသည့်တိုင် လက်တွေ့ကြုံသောအခါ မည်သည်ကစ၍ လုပ်ရမည်၊ ဘယ်လိုငြိမ်းသတ်ရမည်ကိုပင် ချက်ချင်းလုပ်နိုင်မှု အားနည်းနေဆဲဖြစ်သည်။

မည်သို့ပင်ဆိုစေ မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းသည် ပြည်သူတစ်ရပ်လုံးနှင့် သက်ဆိုင်သည်။ ဈေးသူ၊ ဈေးသားများ၊ မြို့ပြ၊ ရပ်ကွက်နေပြည်သူများအပိုင်းက သိရှိလိုက်နာ ပူးပေါင်းဆောင်ရွက်ကြရပေမည်။ အထပ်မြင့်အဆောက်အအုံများ၊ ဈေးကြီးများတွင် အပေါ်ဆုံးအထပ်များ၌ ရေဂါလန်တစ်သောင်းကျော်ဆံ့သည့် ရေကန်များ တည်ဆောက် ရေဖြည့်ထားသင့်သည်။ မီးသည် သုံးတတ်လျှင် မိတ်ဆွေ၊ မသုံးတတ်လျှင် ရန်သူဖြစ်သည်။ ပြည်သူ၊ ပြည်သားတိုင်းက **မြို့ရွာတစ်ခွင်သာစေချင် မီးတွင်မပေါ့နှင့်** ဆောင်ပုဒ်နှင့်အညီ မီးဖိုမှ မီးကြွင်းမီးကျန်များ၊ ခြင်ဆေးခွေများ ငြိမ်းသတ်ပြီးမှ အိပ်ခြင်း၊ ရာသီဥတုပူပြင်းချိန်တွင် ပလတ်စတစ်ပုံးဖြင့် ဓာတ်ဆီဖြည့်ခြင်း စသည်တို့ကို ရှောင်ရှားကြပြီး မီးဘေးကာကွယ်ရေး နှိုးဆော်ချက်များနှင့်အညီ ရာသီမလပ် မပြတ်သတိထားရှိကြရန် တိုက်တွန်းပါသည်။ ။

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ကမ္ဘာ့နိုင်ငံများမှနိုင်ငံအကြီးအကဲများက သဝဏ်လွှာများ ပေးပို့

၂၀၁၂ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ လည်းကောင်း၊ ဒုတိယသမ္မတများနှင့် နိုင်ငံခြားရေးဝန်ကြီးထံသို့ လည်းကောင်း နိုင်ငံတကာမှ နိုင်ငံအကြီးအကဲများနှင့် ခေါင်းဆောင်များက ဝမ်းမြောက်ကြောင်း သဝဏ်လွှာများပေးပို့ခဲ့ကြသည်။

တောင်အာဖရိကသမ္မတနိုင်ငံ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ တောင်အာဖရိကသမ္မတနိုင်ငံ သမ္မတ မစ္စတာ ဂျက်ကော့ဂျီဒယ်လ်ရိုဟီ အီကီစာဇူးမားက ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။

အဆိုပါ သဝဏ်လွှာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

၂၀၁၂ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယ၌ တောင်အာဖရိကပြည်သူများနှင့် အစိုးရအဖွဲ့ကိုယ်စားအားဖြင့်လည်းကောင်း၊ ၎င်းအနေဖြင့်လည်းကောင်း အဆွေတော်သမ္မတကြီးနှင့်တကွ အစိုးရအဖွဲ့ဝင်များ၊ မြန်မာပြည်သူ၊ ပြည်သားများအား ဂုဏ်ယူဝမ်းမြောက်ပါသည်ဟု လှိုက်လှဲစွာနှုတ်ခွန်းဆက်သပါကြောင်း။

အဆွေတော်သမ္မတကြီး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာပါစေဟု ဆုမွန်ကောင်းများ တောင်းအပ်ပါကြောင်း၊ နှစ်နိုင်ငံအကြား တည်ရှိပြီးဖြစ်သော ချစ်ခင်ရင်းနှီးမှု ဆတက်ထမ်းပိုး တိုးတက်ပါစေရန် ဆန္ဒပြုပါကြောင်းဟု ဖော်ပြပါရှိသည်။

— — — —

ဟယ်လင်းနစ်သမ္မတနိုင်ငံ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ ဟယ်လင်းနစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ လူကတ်စ်ပါပါဒယ်မော့စ်က ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။

အဆိုပါသဝဏ်လွှာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

၂၀၁၂ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယ၌ ၎င်းအနေဖြင့် ဂုဏ်ယူဝမ်းမြောက်ပါသည်ဟု လှိုက်လှဲစွာ ပြောကြားလိုပါကြောင်း။

မြန်မာပြည်သူ၊ ပြည်သားအားလုံး ကြီးပွားတိုးတက်၍ ချမ်းသာကြွယ်ဝပါစေကြောင်း ဆုမွန်ကောင်းများ ပေးပို့အပ်ပါသည်ဟု ဖော်ပြပါရှိသည်။

— — — —

မော်ဒိုက်ဗ်သမ္မတနိုင်ငံ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ မော်ဒိုက်ဗ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ မိုဟာမက်နာရှစ်က ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။

အဆိုပါ သဝဏ်လွှာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

၂၀၁၂ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယ၌ မော်ဒိုက်ဗ်ပြည်သူများနှင့် အစိုးရကိုယ်စားအားဖြင့်လည်းကောင်း၊ ၎င်းအနေဖြင့်လည်းကောင်း အဆွေတော်သမ္မတကြီးနှင့်တကွ အစိုးရအဖွဲ့ဝင်များ၊ မြန်မာပြည်သူ၊ ပြည်သားအားလုံးအတွက် ဂုဏ်ယူဝမ်းမြောက်ပါသည်ဟု ပြောကြားလိုပါကြောင်း၊ ပျော်ရွှင်ကြည်နူးကြပါစေဟု ဆန္ဒပြုပါကြောင်းဖြင့် ဖော်ပြပါရှိသည်။

— — — —

မလေးရှားနိုင်ငံ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၄)နှစ်မြောက်လွတ်လပ်ရေးနေ့အခါသမယတွင် နိုင်ငံခြားရေးဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံသို့ မလေးရှားနိုင်ငံခြားရေးဝန်ကြီး ANIFAH AMAN က ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။

အဆိုပါ သဝဏ်လွှာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

၂၀၁၂ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယ၌ အဆွေတော်နှင့် မြန်မာနိုင်ငံအစိုးရအဖွဲ့အတွက် လှိုက်လှိုက်လှဲလှဲ ဂုဏ်ပြုခွင့်ရရှိသည့်အတွက် မိမိအနေဖြင့် ဝမ်းမြောက်မိပါကြောင်း။

နှစ်နိုင်ငံဆက်ဆံရေးကို ပိုမိုခိုင်မာတောင့်တင်းရန် ဆက်လက်၍ ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ ၂၀၁၂ ခုနှစ်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း၌ ဒီမိုကရေစီနည်းလမ်းများနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာမည်ဟု အလေးအနက်ယုံကြည်ပါကြောင်းဟု ဖော်ပြထားသည်။

ရွှေပါရမီတောရဆရာတော် အရှင်ဆန္ဒာဓိက ဦးဆောင်ဖွင့်လှစ်ထားသော ရွှေပါရမီကျန်းမာရေး ဖောင်ဒေးရှင်းသို့ ဦးစိုးစိုးနှင့် ဇနီး ဒေါ်သီဂီဝင်း၊ သား ဇော်ဝင်းထွန်း၊ သမီး-စန္ဒီထွန်း (ရန်ကုန်မြို့)က အလှူငွေကျပ် သိန်း ၁၀၀ ကို အသင်းဘဏ္ဍာရေးမှူး Capt ဌေးမြင့်ထံ လှူဒါန်းစဉ်။ (ကြေးမုံ)

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၁၈ - ၁ -၂၀၁၂

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
ထိုင်း (ဘတ်)	၃၁. ၇၅၅၀	၀. ၀၃၁၄၉
တရုတ် (ယွမ်)	၆. ၃၁၅၅၀	၀. ၁၅၈၃၄
အိန္ဒိယ (ရူပီး)	၅၀. ၄၃၀၀	၀. ၀၁၉၈၃
မလေးရှား (ရင်းဂစ်)	၃. ၁၁၈၅၀	၀. ၃၂၀၆၇
စင်ကာပူ (ဒေါ်လာ)	၁. ၂၈၁၀၇	၀. ၇၈၀၆၀
ဂျပန် (ယန်း)	၇၆. ၈၃၅၃	၀. ၀၁၃၀၁
တောင်ကိုရီးယား(ဝမ်)	၁၁၃၉. ၃၀	၀. ၀၀၀၈၈
ယူရို	၀. ၇၈၀၅၈	၁. ၂၈၁၀၉
ဗြိတိသျှ (ပေါင်)	၀. ၆၅၁၃၇	၁. ၅၃၅၂၂

အင်တာနက်။

သုံးဆယ်မြို့အသင်း(ရန်ကုန်) နှစ်ပတ်လည်သင်းလုံးကျွတ်စည်းဝေးမည်

ရန်ကုန် ဇန်နဝါရီ ၁၈

သုံးဆယ်မြို့အသင်း (ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၂၉ ရက်(တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် သုံးဆယ်ကျောင်း အရှေ့ဥယျာဉ်တိုက် ဗဟိုလမ်း စမ်းချောင်း၌ ကျင်းပမည်ဖြစ်ပါ၍ အသင်းဝင်များ၊ သုံးဆယ်မြို့သူမြို့သားများ၊ အသင်းမဝင်ရသေးသော်လည်း အသင်းဝင်လိုသူများနှင့် မိသားစုများသည် မပျက်မကွက်တက်ရောက်ကြပါရန်နှင့် အသက်(၇၀)ပြည့်ပြီးသူ ကန်တော့ခံအသင်းဝင်များ၊ ၂၀၁၀ နှင့် ၂၀၁၁ ခုနှစ်များက ပါရဂူဘွဲ့ရရှိခဲ့သူများ၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသည့် အသင်းဝင်များ၏ သားသမီးများစာရင်းကို အတွင်းရေးမှူး ဦးမောင်နှစ် ဖုန်း-၀၉-၇၃၂၂၄၈၁၂ နှင့် တွဲဖက်အတွင်းရေးမှူး ဦးမောင်မောင်အုန်း ဖုန်း-၀၅၅-၃၀၁၃၂ တို့သို့ ဇန်နဝါရီ ၂၄ ရက်နောက်ဆုံးထား၍ ပေးပို့ကြပါရန် နှိုးဆော်ထားကြောင်း သိရှိရသည်။

(ကြေးမုံ)

ဇန်နဝါရီ ၁၅ ရက်က မင်္ဂလာဒုံမြို့နယ် အမှတ်(၃၃)အခြေခံပညာမူလတန်းကျောင်းမှ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲ၌ သူငယ်တန်းမှ စတုတ္ထတန်းအထိ ငါးနှစ်ဆက်တိုက် ပထမဆုရရှိခဲ့သော မောင်ခန့်ညားဦးအား ကျောင်းအုပ်ဆရာမကြီး ဒေါ်လွင်လွင် ဆုချီးမြှင့်စဉ်။

(ပညာရေး)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၁၉-၁-၂၀၁၂ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၃ ၁။ နိုင်ငံတော်သီချင်း
၇း၀၅ ၂။ တရားတော်
၇း၂၀ ၃။ ဓမ္မပူဇာတေး
၇း၃၅ ၄။ မျိုးချစ်တပ်မတော်
၇း၄၀ ၅။ မြန်မာ့ရှုခင်း
၇း၄၅ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီ ရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈း၁၅ ၁၁။ မြန်မာ့ရှုခင်း

ညပိုင်း

၄း၀၂ ၁။ နိုင်ငံတော်သီချင်း
၄း၀၃ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ မျိုးချစ်တပ်မတော်
၄း၂၀ ၄။ ချစ်သူစုံတွဲတူယှဉ်နွဲ
၄း၃၀ ၅။ ဗွီစီဒီကျော်ကြားတေး
၄း၄၀ ၆။ မွေးမြူသုတ
၄း၅၀ ၇။ မြန်မာသံစဉ်ချိုနားဝင်
၅း၀၀ ၈။ မီးသတိပေးနှိုးဆော်ချက်
၅း၀၅ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၃၀ ၁၀။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -မာယာနှုတ်ခမ်း (အပိုင်း-၁၃၆)**
၆း၀၀ ၁၁။ မြဝတီ ရုပ်မြင်သံကြားသတင်း
၆း၁၅ ၁၂။ အမျိုးသားရေးတေးကဗျာ
၆း၃၀ ၁၃။ ထူးဆန်းထွေလာ မျက်လှည့်ပညာ
၆း၄၅ ၁၄။ ကာတွန်းအစီအစဉ် -စူပါဟမ်းစတား (အပိုင်း-၁၇)
၇း၀၀ ၁၅။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -သစ္စာစေတမာန် (အပိုင်း-၇)**
၈း၀၀ ၁၆။ မြဝတီ ရုပ်မြင်သံကြားသတင်း
၁၇။ အမျိုးသားရေးတေးကဗျာ
၁၈။ ဗိုဒ္ဓတာဝန်အရေး(၃)ပါး
၁၉။ နိုင်ငံတကာသတင်း
၂၀။ မိုးလေဝသသတင်း
၂၁။ အနုပညာရှင်၏တစ်နေ့တာ
၂၂။ လျှပ်တစ်ပြက်
၂၃။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၄။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ငှက်ကလေးရဲ့ကွန်းခိုရာ (အပိုင်း-၂)**

အတည်ပြုချိန် - ၁၂း၄၅

ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာအား ဩစတြေးလျနိုင်ငံ အောက်လွှတ်တော်အမတ် မစ္စဂျဲနက်လေဆဖ်ဖင်း လာရောက်တွေ့ဆုံ

နေပြည်တော်　　ဇန်နဝါရီ　　၁၈

ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာအား ဩစတြေးလျနိုင်ငံ အောက်လွှတ်တော်အမတ် မစ္စဂျဲနက်လေဆဖ်ဖင်းသည် ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံအစည်းအဝေးဆောင် အမှတ်(၁) ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော်ကော်မတီဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး မြန်မာ-ဩစတြေးလျ ချစ်ကြည်မှုတိုးမြှင့်ဆောင်ရွက်သွားရေးနှင့် နှစ်နိုင်ငံလွှတ်တော်နှစ်ရပ်အကြား အပြန်အလှန် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးကြသည်။ (သတင်းစဉ်)

ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာအား ဩစတြေးလျနိုင်ငံ အောက်လွှတ်တော်အမတ် မစ္စဂျဲနက်လေဆဖ်ဖင်း လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ဦးကျော်စိုးဝင်းအား လာအိုသံအမတ်ကြီးအဖြစ်ခန့်အပ်

နေပြည်တော်　　ဇန်နဝါရီ　　၁၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ဦးကျော်စိုးဝင်းအား လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သံအမတ်ကြီးအဖြစ် ခန့်အပ်လိုက်ပြီးဖြစ်သည်။ (သတင်းစဉ်)

မြောက်ပိုင်းဒေသများ ကွက်ကျားမိုးရွာနိုင်

နေပြည်တော်　　ဇန်နဝါရီ　　၁၈

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက ကချင်ပြည်နယ်တွင် နေရာစိပ်စိပ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာခဲ့သည်။ **ညအပူချိန်များမှာ** ချင်းပြည်နယ်တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ထက် ၄ ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိ၊ ကရင်ပြည်နယ်တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်အောက် ၆ ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ

ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် နေရာကွက်ကျားမိုးဆက်လက်ရွာနိုင်သည်။

အိမ်ခြေ ၁၇ လုံးခန့်သာရှိခဲ့သော မီးသွေးဖိုကုန်းကျေးရွာအား ဂြိုဟ်တုမှမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကူးထားသည်ကို တွေ့ရစဉ်။ (သတင်းစဉ်)

အိမ်ခြေ ၁၃၃ လုံးအထိ တိုးပွားလာသည့် မီးသွေးဖိုကုန်းကျေးရွာအား ဂြိုဟ်တုမှ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးထားသည်ကို တွေ့ရစဉ်။ (သတင်းစဉ်)

❒ကျောဖုံးမှ

ထို့ပြင် အိမ်ထောင်စုများ ပြောင်းရွှေ့ရာ၌လည်း နေပြည်တော်စည်ပင်သာယာရေးကော်မတီပိုင် မော်တော်ယာဉ်များဖြင့် သယ်ယူရွှေ့ပြောင်း ကူညီဆောင်ရွက်ပေးခဲ့ပြီးဖြစ်သည်။

ယခု မီးသွေးဖိုကုန်းကျေးရွာ၌ ကျန်ရှိနေသည့် အိမ်ထောင်စုများမှာ လိုအပ်ချက်အရ ပြောင်းရွှေ့ပေးရပါက မြေကွက်အစားထိုးရယူလိုသည့် မတော်လောဘ ရည်ရွယ်ချက်ဖြင့် လယ်ယာမြေများကို တရားမဝင် အရပ်စာချုပ်များဖြင့် စိတ်ပိုင်းဝယ်ယူပြီး ခါတော်မီပြောင်းရွှေ့လာကြသူများဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။

နိုင်ငံတော်အနေဖြင့် လိုအပ်ချက်အရ ပြောင်းရွှေ့ပေးရပြီး အမှန်တကယ်တရားဝင် ရထိုက်ခွင့်ရှိသော ဒေသခံများအား အစားထိုးမြေကွက်နှင့် ရွှေ့ပြောင်းစရိတ်၊ လျော်ကြေးများ ထုတ်ပေးလျက်ရှိသည့်အပြင် ဤကဲ့သို့ တရားဝင်ရထိုက်ခွင့်မရှိသူများအတွက်လည်း မူလဒေသသို့ပြန်နိုင်ရန် ရွှေ့ပြောင်းစရိတ်များ ထုတ်ပေးခဲ့သည်။ ယခုအခါ မီးသွေးဖိုကုန်းကျေးရွာ၌ ကျန်ရှိသည့် အိမ်ထောင်စုများအနက် ရှစ်စုအား ရွှေ့ပြောင်းစရိတ် ငွေကျပ်နှစ်သိန်းစီ ထောက်ပံ့ထုတ်ပေးခဲ့ပြီး တစ်စုမှာ အိမ်ဖျက်သိမ်း၍ မိမိနေရင်းဒေသသို့ ပြန်လည်ပြောင်းရွှေ့သွားပြီးဖြစ်ကြောင်း သိရှိရသည်။

လက်ရှိ မီးသွေးဖိုကုန်းကျေးရွာတွင် ကျန်ရှိနေသည့် အိမ်ထောင်စုများမှာ အောင်လံ၊ တောင်တွင်းကြီး၊ သရက်၊ ဒိုက်ဦး၊ ပျဉ်းမနား၊ ရန်ကုန်စသည့် ရပ်ဝေးဒေသများမှလည်းကောင်း၊ ၎င်းကျေးရွာဝန်းကျင်ရှိ သာယာကုန်း၊ ကြို့ပင်၊ ဒိုးနွယ်၊ ရွှေဂဲအင်းကျေးရွာများမှ လည်းကောင်း လာရောက်ပြီး လယ်ယာမြေများကို ငွေကျပ် သုံးသိန်း၊ နှစ်သိန်းဝန်းကျင်ဖြင့် တရားမဝင်စိတ်ပိုင်းဝယ်ယူ၍ ယာယီတဲများဖြင့် ပြောင်းရွှေ့နေထိုင်လာသူများဖြစ်သည်။

၁၉၅၃ ခုနှစ် လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေး အက်ဥပဒေပုဒ်မ ၄ တွင် "ဤအက်ဥပဒေနှင့် လည်းကောင်း၊ ဤအက်ဥပဒေအရ ပြုသည့် နည်းဥပဒေများနှင့် လည်းကောင်း မညီညွတ်လျှင် လယ်ယာမြေကို ပေါင်နှံခြင်း၊ ရောင်းချခြင်း၊ အခြားနည်းဖြင့် လွှဲပြောင်းခြင်း (သို့တည်းမဟုတ်) ခွဲစိတ်ခြင်း မပြုလုပ်ရ" ဟူ၍ ပြဋ္ဌာန်းထားပြီး ဖြစ်သည်။

နေပြည်တော်ကောင်စီ မြေယာစီမံခန့်ခွဲမှုစိစစ်ရေးအဖွဲ့အနေဖြင့် မြေယာများကို စီမံခန့်ခွဲဆောင်ရွက်ရာတွင် ဥပဒေကြောင်းအရ လည်းကောင်း၊ အမှန်တကယ် ရထိုက်ခွင့်ရှိသူများ နစ်နာဆုံးရှုံးမှု မရှိစေရေးအတွက် လည်းကောင်း စနစ်တကျကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ (သတင်းစဉ်)

❖ဝေလငါးမှ

"ဝေလငါး သင်္ချိုင်း" ဟု ခေါ်တွင်လျက်ရှိကြောင်း ကျောက်ဖြစ်ရုပ်ကြွင်းကျွမ်းကျင်သူ ပညာရှင်များအဖွဲ့မှ သုတေသီ ဂွန်ဗီဂါက ပြောကြားသည်။

အလွန်တရာထူးခြားသော ရှာဖွေတွေ့ရှိချက်ဖြစ်သဖြင့် သုတေသနလုပ်ငန်းများကို ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ချီလီသိပ္ပံပညာရှင်များသည် အမေရိကန်သိပ္ပံပညာရှင်များနှင့်အတူ ကျောက်ဖြစ်ရုပ်ကြွင်း သုတေသနလုပ်ငန်းကို လုပ်ဆောင်လျက်ရှိကြသည်။

ကျောက်ဖြစ်ရုပ်ကြွင်းဝေလငါးများ၊ မိကျောင်းများနှင့် လင်းပိုင်ငါးများကို အများပြည်သူတို့ လေ့လာကြည့်ရှုနိုင်ရန် အစိုးရအဖွဲ့က ပြတိုက်သစ်တစ်ခုကို ဖွင့်လှစ်သွားမည်ဖြစ်သည်။

အင်တာနက်။

အင်ဒိုနီးရှားနိုင်ငံတွင် ကျင်းပခဲ့သည့် (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ မှတ်တမ်းဓာတ်ပုံပြပွဲ ရန်ကုန်အာရှပလာဇာဟိုတယ်၌ ကျင်းပမည်

ရန်ကုန်　　ဇန်နဝါရီ　　၁၈

အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့နှင့် ပလန်ဘန်းမြို့တို့တွင် ကျင်းပခဲ့သည့် (၂၆) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ အထိမ်းအမှတ် မှတ်တမ်းဓာတ်ပုံပြပွဲကို ဇန်နဝါရီ ၁၉ ရက်မှ ၃၁ ရက်အထိ နေ့စဉ်နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအထိ ရန်ကုန်မြို့ ဗိုလ်ချုပ်လမ်းရှိ အာရှပလာဇာဟိုတယ်၌ ကျင်းပသွားမည်ဖြစ်ရာ ပြပွဲသို့ လာရောက်လေ့လာကြသူများကို ရန်ကုန်-ဗန်ကောက် အသွားအပြန် ခရီးစဉ်လက်မှတ်များအပါအဝင် အခြားဗလာမပါ ကံစမ်းမဲအစီအစဉ်ပေါင်းများစွာနှင့်အတူ ခင်းကျင်းပြသသွားမည်ဖြစ်ကြောင်း သိရသည်။

ဓာတ်ပုံပြပွဲတွင် (၂၆) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြီး ကျင်းပခဲ့ပုံများ၊ မြန်မာအားကစားအဖွဲ့ချုပ်အသီးသီး၏ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည့် ပြိုင်ပွဲဝင်မှတ်တမ်းဓာတ်ပုံများ၊ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် အားကစားဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိများ၏ စီမံဆောင်ရွက်ခဲ့မှု ဓာတ်ပုံမှတ်တမ်းများကို ပြသထားသည်။ အဆိုပါ ဓာတ်ပုံပြပွဲကို Xenon Inject Printing Co.,Ltd. မှ စီစဉ်ဆောင်ရွက်ခြင်းဖြစ်ပြီး စီးပွားရေးအကျိုးအမြတ်အတွက် ရည်ရွယ်ဆောင်ရွက်ခြင်းမရှိကြောင်း သိရသည်။

ဓာတ်ပုံပြပွဲ ကျင်းပရခြင်း၏ အဓိကရည်ရွယ်ချက်မှာ ပြီးခဲ့သည့် (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် အိမ်ရှင်နိုင်ငံအဖြစ် တာဝန်ယူခဲ့သည့် အင်ဒိုနီးရှားနိုင်ငံအစိုးရ၊ အင်ဒိုနီးရှားပြည်သူများ၊ အင်ဒိုနီးရှားလူငယ်များ၊ အားကစားရေးရာဝန်ကြီးဌာန၊ အိုလံပစ်ကော်မတီ၊ အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြီးကျင်းပရေး ဦးစီးကော်မတီတို့ လက်တွဲကာ အောင်မြင်စွာဆောင်ရွက်ခဲ့မှု မှတ်တမ်းဓာတ်ပုံများကို အများပြည်သူများ လေ့လာခွင့်ရရှိခြင်းဖြင့် လာမည့် ၂၀၁၃ ခုနှစ်တွင် မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပတော့မည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြီးတွင် အိမ်ရှင်ကောင်းပီသစွာ အောင်မြင်စွာဖြင့် ကျင်းပပြီးစီးနိုင်ရေး၊ တစ်ထောင့်တစ်နေရာမှ ပူးပေါင်းပါဝင်ဆောင်ရွက်လိုသည့် စေတနာ့ဝန်ထမ်းစိတ်ဓာတ်အခြေခံကောင်းများရရှိရန် အဓိကရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သိရှိရသည်။ (ဝဝ၁)

ပြည်ထောင်စုဝန်ကြီး ဦးညာဏ်ထွန်းအောင်အား စင်ကာပူနိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့ တွေ့ဆုံ ရေနက်ဆိပ်ကမ်းများတွင် ရင်းနှီးမြှုပ်နှံမှုကိစ္စရပ်များနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး

နေပြည်တော် ဇန်နဝါရီ ၁၈

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညာဏ်ထွန်းအောင်အား စင်ကာပူနိုင်ငံ MITSUI & Co.,Ltd. မှ Chief Executive Officer Mr. T. Yamauchi ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံကာ သီလဝါရေနက်ဆိပ်ကမ်း၊ ထားဝယ်ရေနက်ဆိပ်ကမ်းနှင့် ကျောက်ဖြူရေနက်ဆိပ်ကမ်းများတွင် ရင်းနှီးမြှုပ်နှံမှုကိစ္စရပ်များနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးသည်။**(ယာပုံ)**

ထိုသို့ တွေ့ဆုံရာတွင် ဒုတိယဝန်ကြီး ဦးဝင်းရှိန်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ (သတင်းစဉ်)

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ကျောက်ကြီးမြို့နယ် ဒေသဖွံ့ဖြိုးမှုများ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၁၈

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးညာဏ်ဝင်းသည် ဇန်နဝါရီ ၁၇ ရက် နံနက်ပိုင်းတွင် တောင်ငူခရိုင် ကျောက်ကြီးမြို့နယ် ပဲနွယ်ကုန်း-ကျောက်ကြီးလမ်းပေါ်ရှိ စစ်တောင်းတံတား(နတ်သံကွင်း)တည်ဆောက်ရေးစီမံကိန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။(အောက်ပုံ)

ယင်းတံတားသည် အရှည်ပေ ၇၂၀၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေ နှစ်လမ်းသွားဖြစ်ရာ တစ်ဖက်လျှင် လူသွားလမ်းအကျယ် သုံးပေရှိပြီး သံကူကွန်ကရစ် အမျိုးအစားဖြစ်သည်။

ယင်းနောက် ကျောက်ကြီးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မြို့နယ်အဆင့်ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် တွေ့ဆုံပြီး ပညာရေး၊ ကျန်းမာရေး၊ မြို့သန့်ရှင်းသာယာလှပရေးတို့ကို ပူးပေါင်းဆောင်ရွက်သွားကြရန် မှာကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ကျောက်ကြီးမြို့ အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိပြီး ကျောင်းအတွက် ကွန်ပျူတာတစ်စုံကို ပေးအပ်လှူဒါန်းကာ ကျောက်ကြီးမြို့ ပြည်သူ့ဆေးရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၉-၁-၂၀၁၂ (ကြာသပတေးနေ့)

AM & PM

- ၅း၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ဗေဒင်္ဂသုတ်
- ၅း၂၀ MRTV-4 သတင်း
- ၅း၄၀ "လူ(၁၀)မျိုးတရားတော် ဆရာတော်ဓမ္မဒူတအရှင်မာဃိန္ဒ"
- ၆း၃၀ အံ့ဖွယ်တစ်မူ"ဆဒ္ဒန်ဂူ"
- ၆း၄၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "စိတ်၏စေရာ"(အပိုင်း-၉၁)**
- ၇း၃၀ MRTV-4 သတင်း
- ၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပန်းသုံးပွင့်လေညွှန်ရာ" (အပိုင်း-၄၄)**
- ၈း၄၅ The Shop Around The Corner (Part-3)
- ၈း၅၀ Life & Dance 10th Anniversary Dance Concert (Part-3)
- ၉း၃၅ Intellectual Talk
- ၁၀း၂၀ Activities In The City
- ၁၀း၅၀ (၅၃)ကြိမ်မြောက် ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော် (မြောက်ဥက္ကလာပမြို့နယ်)
- ၁၁း၀၅ New Star Gems & Jewellery Show (Part-1)
- ၁၁း၄၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မိုးကျရွှေကိုယ်"(အပိုင်း-၂၉)**
- ၁၂း၂၅ ဗောဓိရိပ်ငြိမ်တောရကျောင်း ဆရာတော် ဝိဇာတမင်္ဂလာနှင့် (၇)ရက်တရားစခန်း အောင်ပွဲအခမ်းအနား
- ၁၂း၄၀ ရာပြည့်ပူဇော်. . . မဟာကထိန်ပွဲတော်
- ၁း၀၀ "လူ(၁၀)မျိုးတရားတော် ဆရာတော်ဓမ္မဒူတအရှင်မာဃိန္ဒ"
- ၂း၀၀ MRTV-4 သတင်း
- ၂း၂၀ ကြည်နူးပျော်ရွှင်စွာဆင်နွှဲ မင်းဘူးမြို့ အထက(၁)ရဲ့ အာစရိယပူဇော်ပွဲ
- ၂း၄၀ မြို့မြစ်ငယ်မှ ရသာထူးတဲ့ ထောပတ် "ရွှေမြန်မာ"
- ၂း၅၀ အနုပညာရပ်ဝန်းမှရင်ခုန်သံများ "အချစ်ကွိုင်"
- ၃း၁၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "စိတ်၏စေရာ"(အပိုင်း-၉၁)**
- ၄း၀၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပန်းသုံးပွင့်လေညွှန်ရာ" (အပိုင်း-၄၄)**
- ၅း၀၀ NEW FASHION DESIGNER GROUP (ဒီဇိုင်းပညာနှင့် စက်ချုပ်ပညာဒါန သင်တန်းကျောင်း၏ သင်တန်းဆင်းပွဲ)
- ၅း၁၅ ရန်ကုန်မြင်ကွင်းကျယ်
- ၅း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မိုးကျရွှေကိုယ်"(အပိုင်း-၂၉)**
- ၆း၀၀ MRTV-4 သတင်း
- ၆း၁၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "စိတ်၏စေရာ"(အပိုင်း-၉၂)**
- ၇း၁၅ Life & Dance 10th Anniversary Dance Concert (Part-4)
- ၈း၀၀ MRTV-4 သတင်း
- ၈း၃၀ New Star Gems & Jewellery Show (Part-2)
- ၉း၂၀ The Shop Around The Corner (Part-4)
- ၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပန်းသုံးပွင့်လေညွှန်ရာ" (အပိုင်း-၄၅)**
- ၁၀း၁၅ Style ရှိမှ Star ဖြစ်မယ်
- ၁၀း၅၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မိုးကျရွှေကိုယ်"(အပိုင်း-၃၀)**
- ၁၁း၃၀ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၁၁း၅၀ အနုပညာမိုးကောင်းကင်
- ၁၂း၁၀ ဓာတ်ပုံထဲမှ အမှတ်တရများ
- ၁၂း၃၅ **အမေကျေနပ်မှာပါ**
- ၁း၀၀ "တိုးပွားဆောင်ရွက်နိုင်ငံ့လက် ဖေးကူမွေးမြူတို့အတူ"
- ၁း၂၀ လေထုညစ်ညမ်းမှုနှင့်ကျန်းမာရေး (ဒေါက်တာခင်မောင်လွင်၊ ဒေါက်တာသန်းထွဋ်)
- ၁း၅၀ ခံစားမှုရသစုံလင်. . . အမျိုးသားကန်တော်ကြီးဥယျာဉ်
- ၂း၁၀ Celebrity Profile
- ၂း၄၀ ကြည်နူးစရာ လက်ဆောင်အဖြာဖြာ
- ၃း၀၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်
- ၄း၀၀ မုံရွာမြို့ရဲ့အထင်ကရနေရာ(၉)ခု
- ၄း၁၅ ပုဂံအိမ်ထဲက ထည်ဝါမှုပြယုဂ်
- ၄း၃၀ ကြည်ညိုဖူးမြော် ပုပ္ပားတောင်ကလပ်စေတီတော်
- ၄း၄၅ ဖူးပွင့်ဝေဆာ ရွှေကျောင်မြေမှ ဥယျာဉ်သာ
- ၅း၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် လည်းကောင်း၊ တောင်ကြီးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် လည်းကောင်း၊ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ဒုတိယဝန်ကြီး ဦးစိုးတင့် ကော့မှူးမြို့နယ်အတွင်းရှိ လမ်း/တံတား လုပ်ငန်းများနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၁၈

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်သည် ဇန်နဝါရီ ၁၅ ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ်အတွင်းရှိ မကြီးကန်-ငှက်အော်စမ်း-မဆယ်ဆိပ်-ကျိုက်ထော် လမ်းများအခြေအနေနှင့် ကော့မှူး-ထမ္မနိုင်-သမင်ခြံ-သရက်တောလမ်းများ ဖောက်လုပ်မှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ကော့မှူးမြို့နယ်အတွင်းရှိ နတ်စင်ကုန်း အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ ဆရာ၊ ဆရာမများ၊ ဒေသခံများနှင့် တွေ့ဆုံ၍ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) အဆင့်တိုးမြှင့်နိုင်ရေးနှင့် ကျောင်းဝင်းအတွင်း ရေမဝင်နိုင်အောင် ဆောင်ရွက်ရေးကိစ္စရပ်များ မှာကြားသည်။

ယင်းနောက် ဝါးဘလောက်သောက် တိုက်နယ်ဆေးရုံကို ကြည့်ရှုစစ်ဆေးပြီး ထမ္မနိုင်ကျေးရွာနှင့် ဝါးဘလောက်သောက်ကျေးရွာများ၌ မြို့နယ်/ကျေးရွာ အုပ်ချုပ်ရေးမှူးများ၊ တာဝန်ရှိသူများ၊ ဒေသခံရပ်မိရပ်ဖ၊ ပြည်သူလူထုများနှင့် တွေ့ဆုံ၍ မြို့နယ်အတွင်း လမ်း/တံတားများ ဖွံ့ဖြိုးတိုးတက်ကောင်းမွန်စေရေး၊ လျှပ်စစ်မီးရရှိရေး၊ သောက်သုံးရေဖူလုံရေးနှင့် နွေစပါး/မိုးစပါး အောင်မြင်စွာစိုက်ပျိုးရေးအတွက် ရေသွယ်မြောင်းများ ဆောင်ရွက်ရေး၊ ကျန်းမာရေး၊ ပညာရေးအဆင့်မြင့်မားရေး စသည့် ဒေသဖွံ့ဖြိုးရေး တိုးတက်ရေးနှင့် လူထုအကျိုးပြုလုပ်ငန်းများအတွက် လိုအပ်သည်များ ညှိနှိုင်းဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့် ကော့မှူးမြို့နယ်ရှိ နတ်စင်ကုန်း အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ ဆရာ၊ ဆရာမများ၊ ဒေသခံများနှင့် တွေ့ဆုံစဉ်။ (သတင်းစဉ်)

◆ကျောဖုံးမှ

အလားတူ ဖားကန့်မြို့နယ် လုံးခင်းကျေးရွာအုပ်စု နမ့်စန်း(၂) ကျေးရွာနေ မောင်ရွှေတိုးအောင် အသက်(၁၈)နှစ်သည် ဇန်နဝါရီ ၁၇ ရက် ညနေ ၄ နာရီခွဲခန့်တွင် ယင်းကျေးရွာ မူလတန်းကျောင်းနှင့် ကိုက် ၅၀ ခန့်အကွာ လမ်းမပေါ်၌ KIA အဖွဲ့မှ ထောင်ထားသော မိုင်းတစ်လုံးအား နင်းမိပေါက်ကွဲခဲ့ပြီး ဘယ်ခြေသလုံးကျိုးကြေဒဏ်ရာ ရရှိခဲ့ကြောင်းနှင့် ဒဏ်ရာရလူနာအား တာဝန်ရှိသူများက လုံးခင်းတိုက်နယ်ဆေးရုံသို့ ပို့ဆောင်၍ ဆေးဝါးကုသပေးလျက်ရှိကြောင်း သိရှိရသည်။ (သတင်းစဉ်)

KIA အဖွဲ့မှ ထောင်ထားသော မိုင်းတစ်လုံးအား နင်းမိပြီး ဒဏ်ရာရရှိခဲ့သည့် မောင်ရွှေတိုးအောင်အား တွေ့ရစဉ်။ (သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့ နတ်စင်ကုန်း အထက(ခွဲ)၏ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားတွင် သူငယ်တန်းမှ ပဉ္စမတန်းအထိ ခြောက်နှစ်ဆက်တိုက် ပထမရရှိသော ဆဋ္ဌမတန်းမှ မဆုအိထားအား ကျောင်းအုပ်ဆရာကြီး ဦးစန်းလွင် ဆုချီးမြှင့်စဉ်။ (ပညာရေး)

(19-1)04.pmd 1 1/19/2012, 3:30 AM

ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်အား အီတလီနိုင်ငံသံအမတ်ကြီး လာရောက်တွေ့ဆုံ မြန်မာ့လယ်ယာကဏ္ဍတွင် အီတလီနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်

နေပြည်တော် ဇန်နဝါရီ ၁၈

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်အား မြန်မာနိုင်ငံဆိုင်ရာ အီတလီသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Paolo Andrea Bartorelli သည် ယမန်နေ့ ညနေ ၄ နာရီခွဲတွင် အဆိုပါဝန်ကြီးရုံး၌ လာရောက် တွေ့ဆုံသည်။ **(အပေါ်ပုံ)**

ယင်းသို့တွေ့ဆုံစဉ် အီတလီသံအမတ်ကြီးက မြန်မာနိုင်ငံ၏ ဖြစ်ပေါ်တိုးတက်မှုများအတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ ပထမအဆင့်အနေဖြင့် အစိုးရမဟုတ်သော အဖွဲ့အစည်း (NGO) များ၊ ကုလသမဂ္ဂစားနပ်ရိက္ခာအဖွဲ့ (FAO)တို့က လယ်ယာကဏ္ဍတွင် ထောက်ပံ့ကူညီပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံနှင့် အီတလီနှစ်နိုင်ငံအကြား၊ မြန်မာနိုင်ငံနှင့် FAO အကြား ကူညီဆောင်ရွက်ပေးမှုအပေါ် ကျေးဇူးတင်ရှိပါကြောင်း၊ မြန်မာ့လယ်ယာကဏ္ဍတွင် အီတလီနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ပါကြောင်းဖြင့် ပြန်လည်ဆွေးနွေးပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် အီတလီနိုင်ငံသံရုံး ဒုတိယအကြီးအကဲ Dr. Mara Borserni တို့ တက်ရောက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၉-၁-၂၀၁၂ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀	၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၁၅	၂။ နမော. . . နမော (သန်းမြတ်စိုးနှင့်အဖွဲ့၊ တေးရေး-မောင်မောင်လတ်)
၇း၂၅	၃။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၄။ နံနက်ခင်းသတင်း
၇း၄၀	၅။ သံသာချိုအေးမင်္ဂလာတေး
၇း၅၀	၆။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
၈း၀၀	၇။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၈း၀၅	၈။ အကပဒေသာ
၈း၁၅	၉။ "အဖိုးတန်အသုံးဝင် မြန်မာ့ဆင်"
၈း၃၀	၁၀။ အတီးပြိုင်ပွဲ
၈း၄၅	၁၁။ International News
၈း၅၀	၁၂။ တေးဂီတအစီအစဉ်
၉း၀၀	၁၃။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀	၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀	၂။ တေးဂီတအစီအစဉ်
၄း၂၀	၃။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၄း၃၀	၄။ အဆိုပြိုင်ပွဲ
၄း၄၅	၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ - တတိယနှစ် (ပထဝီဝင်အထူးပြု) (ပထဝီဝင်)
၅း၁၀	၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၅း၂၀	၇။ နားဝင်ပီယံသူ့လက်သံ
၅း၃၅	၈။ မူဟန်သွယ်သွယ်ဆိုကြမယ်
၅း၄၅	၉။ သိပ္ပံနှင့်သဘာဝပတ်ဝန်းကျင်
၆း၀၀	၁၀။ ညနေခင်းသတင်း
၆း၁၅	၁၁။ မိုးလေဝသအခြေအနေ
၆း၂၀	၁၂။ "ရေခဲများအရည်ပျော်တဲ့အခါ"
၆း၄၀	၁၃။ ထူးဆန်းထွေလာများကို သိပ္ပံဖြင့်ချဉ်းကပ်ခြင်း
၇း၀၀	၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်နဲ့အမုန်း" (ဒုတိယတွဲ) (အပိုင်း-၂၄)
၈း၀၀	၁၅။ ပြည်တွင်းသတင်း
	၁၆။ နိုင်ငံတကာသတင်းများ
	၁၇။ မိုးလေဝသအခြေအနေ
	၁၈။ အစာလည်းဆေး၊ ဆေးလည်းအစာ
	၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ရေသူမလေး နောက်ဆုံးချစ်ပုံပြင်) (ဒုတိယတွဲ) (အပိုင်း-၃၆)**
	၂၀။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်ဆုံး" (အပိုင်း-၂၆)**
	၂၁။ အစီအစဉ်ပြီး၏။

Myanmar Pearl များ နိုင်ငံတကာပုလဲဈေးကွက်တွင် ဈေးကောင်းရနေ အထူးသဖြင့် ရွှေရောင်ပုလဲများ အကောင်းဆုံးနှင့် ဈေးအရဆုံး ပုလဲများဖြစ်

နေပြည်တော် ဇန်နဝါရီ ၁၈

သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်သည် ဇန်နဝါရီ ၁၄ ရက်မှ ၁၆ ရက်အထိ တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ်၊ ဘုတ်ပြင်းမြို့နယ်၊ ကော့သောင်းမြို့နယ်တို့၌ ပုလဲမွေးမြူထုတ်လုပ်ရေး လုပ်ငန်းများ ဆောင်ရွက်နေသော ဒုံးပုလဲအော်ကျွန်း Escape Bay စခန်းရှိ Myanmar Atlantic Co., Ltd.၊ ဒိုမယ်ကျွန်းရှိ Myanmar TASAKI Co., Ltd.၊ ဇင်ယော်ကျွန်းစခန်းရှိ Orientlal Pearl Co., Ltd.၊ မကျည်းပင်ဆောင်ကျွန်းစခန်းရှိ Nino Pearl Co., Ltd.၊ ပုလဲကျွန်းရှိ မြန်မာ့ပုလဲမွေးမြူထုတ်လုပ်ရေးလုပ်ငန်း၊ ရွှေကျွန်းရှိ မြန်မာ့ပုလဲမွေးမြူထုတ်လုပ်ရေးလုပ်ငန်းနှင့် St. Luke ကျွန်းရှိ Myanmar Adman Pearl Company Ltd. တို့ သွားရောက်ပြီး မုတ်ကောင်သားဖောက် မွေးမြူခြင်း၊ သားဖောက်ပြီး မုတ်ကောင် Collector များကို Long Line စနစ်၊ Sea Bed စနစ်များ အသုံးပြု ပင်လယ်ပြင်တွင် ရေချမွေးမြူခြင်း၊ သက်တမ်းရှိ မုတ်ကောင်များတွင် ဝတ်ဆံသွင်းပုလဲများ မွေးမြူခြင်း၊ ဝတ်ဆံသွင်းပြီး သက်တမ်းပြည့် မုတ်ကောင်များမှ ပုလဲများ ထုတ်ယူခြင်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းသို့ လှည့်လည်ကြည့်ရှုစဉ် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံမှ ထွက်ရှိသော Myanmar Pearl များသည် နိုင်ငံတကာ ပုလဲဈေးကွက်တွင် ဈေးကောင်းရနေကြောင်း၊ အထူးသဖြင့် ရွှေရောင်ပုလဲ (Deep Gold Colour Pearl) များသည် အကောင်းဆုံးနှင့် ဈေးအရဆုံး ပုလဲများဖြစ်သည်ဟု သိရကြောင်း၊ Myanmar Pearl ထုတ်လုပ်မှုများကို အလုံးအရေအတွက်ရော၊ အလေးချိန် (Momme) ပါ တစ်နှစ်ထက်တစ်နှစ် တိုးတက်အောင် ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ မုတ်ကောင်များ သားဖောက်မွေးမြူခြင်းသာမက မြန်မာ့ရေပြင်မှ သဘာဝမုတ်ကောင်များကိုပါ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ရှာဖွေမွေးမြူရန်ဖြစ်ကြောင်း၊ ပုလဲမွေးမြူရေး နောက်ဆုံးနည်းစနစ်များရယူပြီး တန်ဖိုးမြင့်သော အရည်အသွေးကောင်းသည့် ပုလဲများကို တိုးမြှင့်ထုတ်လုပ်သွားရန် ဖြစ်ကြောင်း၊ လိုအပ်သည်များကို ဝန်ကြီးဌာနမှကူညီပံ့ပိုး ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း၊ ယခုမြန်မာ့ပင်လယ်ပြင်သည် အကောင်းဆုံးသန့်ရှင်းနေဆဲ၊ သဘာဝဂေဟစနစ်များ ကောင်းမွန်နေဆဲ အနေအထားဖြစ်ကြောင်း၊ ထို့ကြောင့် ဆက်လက်ထိန်းသိမ်းသွားရမည်ဖြစ်ကြောင်းဖြင့်ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။(သတင်းစဉ်)

သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက် တနင်္သာရီတိုင်းဒေသကြီးရှိ မြို့နယ်များ၌ ပုလဲမွေးမြူထုတ်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘရွှေအား စင်ကာပူနိုင်ငံမှည့်သည်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၁၈

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘရွှေအား စင်ကာပူနိုင်ငံ MITSUI & Co.,Ltd. မှ Chief Executive Officer Mr. T. Yamauchi နှင့်အဖွဲ့သည် ယနေ့ နံနက် ၉ နာရီတွင် အဆိုပါဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံပြီး **(ဝဲပုံ)** Mr. T. Yamauchi က ဂျပန်ဘာသာစကား သင်ကြားရေးတွင် ပိုမိုကောင်းမွန် အထောက်အကူပြုစေနိုင်ရန်အတွက် ဂျပန်ဘာသာစကားသင်ကြားရေးစာအုပ်များ၊ အထောက်အကူပြုပစ္စည်းများကို ပေးအပ်လှူဒါန်းလိုကြောင်း၊ မြန်မာနိုင်ငံ နိုင်ငံခြားဘာသာတက္ကသိုလ်များရှိ ဂျပန်ဘာသာစကား အထူးပြုသင်ယူနေကြသူများထဲမှ ထူးချွန်သူများအား MITSUI ကုမ္ပဏီ၏ စီးပွားရေးလုပ်ငန်းများနှင့် အခြားသင့်လျော်မည့်နေရာများသို့လည်းပတ်လေ့လာစေနိုင်ရန် စေလွှတ်ပေးစေလိုကြောင်း၊ မြန်မာနိုင်ငံ၏ စီးပွားရေးလုပ်ငန်းများတွင် မိမိတို့ကုမ္ပဏီအနေဖြင့် ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်းတို့ကို ဆွေးနွေးတင်ပြရာ ဒုတိယဝန်ကြီး ဦးဘရွှေက ဂျပန်ဘာသာစကား သင်ကြားရေးစာအုပ်များနှင့် အထောက်အကူပြုပစ္စည်းများ ပေးအပ်လှူဒါန်းမည့်အစီအစဉ်ကို ဝမ်းမြောက်စွာကြိုဆိုပါကြောင်း၊ ပညာရေးဝန်ကြီးဌာနအနေဖြင့် ဒီမိုကရေစီနိုင်ငံတော်သစ်၏ လိုအပ်ချက်များနှင့်အညီ ပညာရည်မြင့်မားရေးအတွက် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှုများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ MITSUI ကုမ္ပဏီ၏ တာဝန်ရှိသူမှ ဆွေးနွေးချက်များအပေါ် ဝမ်းမြောက်ဂုဏ်ယူစွာဖြင့် လက်ခံပါကြောင်း ပြန်လည်ဆွေးနွေးသည်။

တွေ့ဆုံပွဲသို့ ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကိုကိုတင်နှင့် ဒုတိယညွှန်ကြားရေးမှူး ဦးကိုလေးဝင်းတို့ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဖျာပုံစာနယ်ဇင်းလုပ်ငန်းဆိုင်ရာ နှစ်ပတ်လည်အစည်းအဝေးကျင်းပ

ဖျာပုံ ဇန်နဝါရီ ၁၈

ဖျာပုံမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့၏ ၂၀၁၁ ခုနှစ်အတွက် လုပ်ငန်းဆိုင်ရာ နှစ်ပတ်လည်အစည်းအဝေးကို ဒီဇင်ဘာ ၃၁ ရက် မွန်းလွဲ ၁ နာရီက အဖွဲ့ရုံး ဇော်ဂျီခန်းမ၌ကျင်းပရာ အဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဝင်း(သတင်းထောက်-အောင်ဝင်း)က သဘာပတိအဖြစ်ဆောင်ရွက်ပြီး အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် အဖွဲ့အတွင်းရေးမှူး ဒေါ်သူဇာနွယ်(သူဇာနွယ်-ဖျာပုံ)က နှစ်ပတ်လည်လုပ်ငန်းအစီရင်ခံစာ၊ ဘဏ္ဍာရေးရှင်းတမ်းနှင့် ရှေ့လုပ်ငန်းစဉ်များကို ဖတ်ကြားတင်သွင်းကြောင်း သိရသည်။ (၃၈၃)

ခြင်ဆေးခွေသုံးလျှင် သတိယှဉ် အောက်တွင်ခံခွက် မမေ့နှင့်

ရန်ကုန်မြို့ ဒဂုံအရှေ့စက်မှုဇုန် Z.E.P အီလက်ထရွန်နစ် သုံးစွဲသူများ၊ အရောင်းကိုယ်စားလှယ်များ၊ ဝန်ထမ်းများနှင့် မိသားစုများက ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်)သို့ ထာဝရဆေးပဒေသာပင် အလှူငွေကျပ် ၇၅ သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ နာယက ဦးမောင်တင် လက်ခံစဉ်။
(ဇီဝိတဒါနသံဃာ့ဆေးရုံ)

ထွန်းဇံလှုလို့ ငြိမလှ

ရေနံ့သာမောင်ကျော်ညွန့်

ကျွန်တော်လူပျိုပေါက်အရွယ်တုန်းက ဖြစ်ပါသည်။ ဝတ်ကောင်းစားလှများကို ဝတ်ချင်လာသည်။ အချစ်စိတ်များ လူးလွန့်နိုးကြားလာသည်။ လျှောက်ပြန်သံပေး ချစ်ရေးမြှူရသည်ကို ခံတွင်းတွေ့လာသည်။ လျှောက်ပြန်သံပေး ဟန်ရေးပြ လမ်းသလားချင်လာသော ကျွန်တော်သည် အဝတ်အစားအသစ်အဆန်းဆိုလျှင် ငမ်းငမ်းတက်မက်မောနေတော့၏။

မက်မောလွန်းသဖြင့် မေမေ့ကို ပူဆာရသည်။ ခဏခဏပူဆာမိသည်။ အပေါင်းအသင်းမိတ်ဆွေသူငယ်ချင်းများ ဝတ်ဆင်သည့် အင်္ကျီအမျိုးမျိုး၊ ပုဆိုးပေါင်းစုံကို ပြောပြသည်။ သူတကာဝတ်ဆင်နေသည်ကို အားကျ၍ သူတကာလို ဝတ်ဆင်လိုသောကြောင့် ဖြစ်ပါသည်။ ကျွန်တော်ခဏခဏပူဆာလွန်းသည့်အခါ မေမေကစိတ်မရှည်နိုင်ဘဲဖြစ်လာပြီး ပုံပြင်မဟုတ်သည့် ဖြစ်ရပ်မှန်တစ်ခုအကြောင်းကို ပြောပြပါလေတော့၏။

"ဒို့ရွာမှာ ကိုထွန်းဇံနဲ့ ကိုငြိဆိုတာရှိခဲ့ဖူးတယ်။ ဒို့ဟိုးငယ်ငယ်တုန်းကတော့ အဝတ်ခြုံပေါက်၊ အစားခြုံပေါက်ပဲ။ ကိုယ့်ယာခင်းထဲမှာ စိုက်ထားတဲ့ ဝါပင်တွေက ဝါဂွမ်းတွေရ၊ ရတဲ့ဝါဂွမ်းတွေကို ချည်ဖြစ်အောင်ငင်။ ဝါချည်တွေကို ကိုယ့်ဘာသာရက်ပြီး ဝတ်ဆင်ကြရတာ။ အဲဒါကို အဝတ်ခြုံပေါက်လို့ပြောတာပဲ။ ဝယ်ပြီး ဝတ်စရာမလိုဘူး။

"အဲဒီတုန်းကတော့ အိမ်တိုင်းလိုလိုမှာ ရက်ကန်းစင်တွေရှိကြတယ်။ အမျိုးသမီးတိုင်းကလည်း ရက်ကန်းခတ်တတ်ကြတာပါပဲ။ ကိုထွန်းဇံရဲ့ အမေက သူ့သားလေး လူပျိုပေါက် ကိုထွန်းဇံအတွက် လုံချည်တစ်ထည် ရက်ပေးလိုက်သတဲ့။ အကွက်ဆန်းထွင်ပြီး ရက်ပေးလိုက်တာပေါ့။ ကိုထွန်းဇံကလည်း သူ့အမေကိုယ်တိုင် ရက်ပေးတဲ့ အကွက်ဆန်းလုံချည်ကလေးကိုဝတ်ပြီး ရွာရိုးကိုးပေါက်လျှောက်တော့တာပဲ။ ဟန်ရေးပြလမ်းသလားနေတော့တာပေါ့။ ဒါကိုမြင်တဲ့ ကိုငြိကလည်း ကိုထွန်းဇံဝတ်တဲ့လုံချည်မျိုးကို ဝတ်ချင်လာတယ်။ သူ့အမေကို ပူဆာတော့တာပါပဲ။ ပူဆာလွန်းတော့ အမေဖြစ်တဲ့သူက သားဖြစ်တဲ့သူကို ပြောပြရတော့တာပေါ့။"

"အားကျမနေနဲ့ငြိ။ အဲဒီအဆင်နဲ့ နင်နဲ့က မလိုက်ဘူးဟဲ့။ နင့်အသားကိုလည်းကြည့်ဦး။ အိုးမဲခဲတုံးလို မည်းနေတဲ့ဥစ္စာ။ ထွန်းဇံဝတ်တဲ့ အနက်ကွက်မျိုးကို နင်ဝတ်လိုက်လို့ကတော့ ကျီးကန်းကတောင် လန့်ပြေးဦးမှာ။ ထွန်းဇံလှုလို့ ငြိမလှုနိုင်ဘူးနော် ငြိ"လို့ သားအမိချင်း ပွင့်ပွင့်လင်းလင်းပြောလိုက်ရတယ်တဲ့။

'ထွန်းဇံလှုလို့ ငြိမလှုနိုင်ဘူး'ဆိုတဲ့ စကားလိုပဲပေါ့ လူကလေးရယ်။ သူတကာဝတ်တဲ့ အဝတ်အစားက သူတကာနဲ့တော့ လှချင်လှနေမှာပဲ။ ကိုယ်နဲ့ကျတော့ လှချင်မှပဲလှမယ်။ အဝတ်အစားဆိုတာက ကိုယ်နဲ့လိုက်ဖက်ညီတာကို ဆင်နိုင်မှ ယဉ်တာလှတာကွဲ့။ ထွန်းဇံလှုလို့ ငြိမလှုနိုင်ဘူးဆိုတာကို မမေ့အောင် မှတ်ထားပေတော့။

မေမေပြောပြခဲ့သည့် ပုံပြင်မဟုတ်သော ဖြစ်ရပ်မှန်စကားကို နှစ်သက်သဘောကျလွန်း၍ မေ့မရ။ ယနေ့ထိတိုင်အောင်ပင် ရင်ထဲစွဲငြိမှတ်မိနေ၏။

ယနေ့ကာလ၌ ခေတ်ပေါ်အဝတ်အထည် ဒီဇိုင်းအသစ်အဆန်းပုံစံအမျိုးမျိုးကို တီထွင်ကြ၏။ ဝတ်ဆင်ကြ၏။ အဝတ်အထည်ဟူသည် လူတို့အတွက်မရှိမဖြစ်လိုအပ်သော အရေးသုံးပါးအနက်မှ တစ်ပါးအဝင်ဖြစ်ပေသည်။ အဝတ်အထည်ဝတ်ဆင်ရခြင်း၏ အဓိကအကြောင်းအရင်းရှိသည်။ အရှက်ကို ဖုံးနိုင်ရန်အတွက်ဖြစ်၏။

မြန်မာလူမျိုးတို့၏ ဓလေ့စရိုက်သည် ယဉ်ကျေးသိမ်မွေ့၏။ အရှက်နှင့်သိက္ခာကို တန်ဖိုးထားလေးစား၏။ သိက္ခာနှင့် အရှက်ကို အသက်နှင့်လဲပြီး ကာကွယ်စောင့်ရှောက်ထိန်းသိမ်းသော လူမျိုးဖြစ်သည်။ မြန်မာလူမျိုးတို့၏ ယဉ်ယဉ်ကျေးကျေး သိမ်သိမ်မွေ့မွေ့ဝတ်စားဆင်ယင်မှုကို တခြားနိုင်ငံသား၊ တခြားနိုင်ငံသူများကပင် အံ့ဩငေးမောချီးမွမ်းကြရ၏။ မြတ်နိုးလေးစားကြရ၏။ ခင်တွယ်နှစ်သက်ကြရ၏။

နိုင်ငံခြားသားများကပင် လေးစားမြတ်နိုးခင်တွယ် နှစ်သက်ခြင်းခံနေရသော မြန်မာ့ရိုးရာဝတ်စားဆင်ယင်မှုကို မြန်မာလူမျိုးတိုင်းက ပိုမိုတန်ဖိုးထား လေးစားမြတ်နိုးနေကြရမည်ဖြစ်၏။ မြန်မာမိန်းကလေးသည် မြန်မာဆန်ဆန်အဝတ်အထည်ဆင်ယင်မှုနှင့်မှ ယဉ်သည်။ လှသည်။ မြန်မာယောကျ်ားလေးသည်လည်း မြန်မာဆန်ဆန်အဝတ်အစားနှင့်မှပင် ခန့်၏။ ထည်၏။

လှသော ယဉ်သော ခန့်သော ထည်သော ဝတ်စားဆင်ယင်မှုကို လေးစားခင်တွယ်ခြင်းမပြုဘဲ တခြားနိုင်ငံယဉ်ကျေးမှု၏ ဝတ်စားဆင်ယင်မှုကို အားကျအတုယူဝတ်ဆင်နေခြင်းသည် အမြင်ရိုင်းလှ၏။ လှပမှုမရှိ။ ယဉ်ကျေးမှုမရှိပေ။ တချို့အဝတ်အစားမျိုးက အရှက်ကိုပင် လုံအောင်မဖုံးနိုင်။ မပေါ့တပေါ်ဖော်ပြပေးနေသည်နှင့်ပင် တူလှ၏။ အမြင်မတော်လှ။ မျက်စိရှက်စရာကောင်းလှ၏။ အမြင်မတော် မျက်စိရှက်စရာ အဝတ်အစားများကို မက်မက်မောမော စွဲစွဲလမ်းလမ်း တမ်းတမ်းတတဝတ်ဆင်နေကြသူများသည် ကိုယ့်ကိုယ်ကိုယ် လှလွန်းပြီဟု ထင်နေကြ၏။ အဆင်မတတ်လျှင် ဆန်းလျက်နှင့်မလှ ဟူသော စကားကို မေ့လျော့နေကြသည်။

မိမိလူမျိုး၏ ရိုးရာယဉ်ကျေးမှုဓလေ့စရိုက်တို့နှင့် မအပ်စပ်သည့် မလိုက်ဖက်သော ဝတ်စားဆင်ယင်မှုသည် သူတို့နိုင်ငံ၊ သူတို့လူမျိုး၊ သူတို့ရိုးရာဓလေ့စရိုက်၊ သူတို့ယဉ်ကျေးမှုအတွက် လိုက်ဖက်တင့်တယ် လှပချင်လှပနေပေမည်။ မိမိနိုင်ငံ မိမိလူမျိုးအနေဖြင့် မတင့်တယ်မဖွယ်ရာ။ ထွန်းဇံလှုလို့ ငြိမလှုဆိုသည့် စကားကို သတိတရရှိနေသင့်သည်။

မိမိ၏အမျိုးဂုဏ်၊ ဇာတိဂုဏ်၊ ရိုးရာဓလေ့စရိုက် ယဉ်ကျေးမှုအမွေအနှစ်များ၊ မညှိုးနွမ်း၊ မတိမ်ကော၊ မပပျောက်အောင် မြတ်နိုးလေးစားစွာ ထိန်းသိမ်းစောင့်ရှောက်နိုင်ရန်အတွက် ထွန်းဇံလှုလို့ ငြိမလှုဆိုသည့် စကားကို ကျယ်ကျယ်ပြန့်ပြန့်တွေးတော၍ လေးလေးနက်နက် စဉ်းစားဆင်ခြင်စရာကောင်းပါဘိ။ ။

ဗလငါးတန် ဖွံ့ဖြိုးဖို့
စာအုပ်စာပေလေ့လာစို့

အဓိက

☆ ဆုပန်ခြွေမှု
ကြိမ်ကြိမ်ပြုလည်း
တုဖက်ပြိုင်ကင်း
ကြိုးစားခြင်းသာ အဓိက။

☆ ခြိမ်းခြောက်သော်လည်း
ရဲသွေးမပျောက်
မရွံ့ကြောက်သည်
သွေးသောက်စိတ်ထား
ရင်မှာပွားရန် အဓိက။

☆ ကျူးကျော်ပါလျှင်
ရင်မြေကတုတ်
လုပ်၍ တော်လှန်
နိုင်ငံတည်အောင်
ရွက်ဆောင်ခြင်းသည်
အဓိက။

☆ ပြည်ပတိုင်းသား
လေလှိုင်းကြားက
အားကိုးချင်အောင်
စကားဖောင်လည်း
ဘောင်ဘင်စကား
အပြောပျားကို
နားမယောင်ဖို့ အဓိက။

☆ ဒို့ပြည်သူများ
စုပေါင်းအားသာ
စွမ်းအားစင်စစ်
ဖြစ်ခြင်းအမှန်
သိဖို့ရန်သာ အဓိက။

☆ ချင်းတွင်းရောသံလွင်ပါဟု
မည်မှာကွဲပြား
ရှိနေငြားလည်း
မြန်ပြည်တစ်လွှား
ဒို့အင်အားသာ အဓိက။

☆ မွန်၊ ဗမာ၊ ချင်း
ရှမ်းတစ်သင်းနှင့်
မင်းက ကရင်
ငါ ကချင်ဟု
ခေါ်စဉ်ခိုက်သာ
ကွဲပြားပါသည်-
အားလုံးမြန်မာဖြစ်သည်
အဓိက။

☆ မြန်မာပြည်သား
တိုင်းရင်းသားတို့
စိတ်ထားကြည်ဖြူ
ဆန္ဒတူပြီ
ဦးတည်ချက်တိုင်း
မဆိုင်းမရွံ့
မတွန့်မဆုတ်
လုပ်ဆောင်ဖို့သာ အဓိက။ ။

ဒေါက်တာလွှင်ကို

ဘဏ္ဍာရေး၊ ငွေရေးကြေးရေးနှင့် အခွန်ဆိုင်ရာလုပ်ငန်းတာဝန်များ ဆောင်ရွက်ရာတွင် ဥပဒေ၊ စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများအတိုင်း တိကျစွာ ဆောင်ရွက်ကြ

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း မန္တလေးမြို့ တိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ ကွန်ပျူတာနှင့် ရုံးလုပ်ငန်း အခြေခံ သင်တန်း အမှတ်စဉ်(၃၁)ဖွင့်လှစ် သင်ကြားပို့ချနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

နေပြည်တော် ဇန်နဝါရီ ၁၈

နိုင်ငံတော်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန် မြင့်မားစေရန်အတွက် ဘဏ္ဍာရေး၊ ငွေရေးကြေးရေးနှင့် အခွန်ဆိုင်ရာ လုပ်ငန်းတာဝန်များ ဆောင်ရွက်ရာတွင် ဥပဒေ၊ စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများအတိုင်း တိကျစွာ ဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ ထို့ကြောင့် တိုင်းဒေသကြီး/ခရိုင်/မြို့နယ်များတွင် တာဝန်ယူကြရမည့် တာဝန်ခံအရာရှိများသည် ကွပ်ကဲမှုအောက်ဌာန၏ လုပ်ငန်းတာဝန်များကို ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အတွက် ဝန်ထမ်းများအား လုပ်ငန်းကျွမ်းကျင်မှုရှိစေရန် ဦးဆောင်ဦးရွက်ပြုကြရမည်ဖြစ်ကြောင်း၊ လက်တွေ့နယ်ပယ်တွင် တာဝန်ထမ်းဆောင်ကြသည့်အခါ စိတ်ထားမှန်ကန်ကောင်းမွန်မှု၊ ရိုးဖြောင့်မှန်ကန်တာဝန်သိမှုတို့ကို အခြေခံပြီး လုပ်ငန်းရည်မှန်းချက် ပြည့်ဝမှန်ကန်စွာ ရရှိစေရေး အလေးထားကြိုးပမ်းကြရန် အထူးအရေးကြီးကြောင်း၊ ဘဏ္ဍာရေး၊ ငွေရေးကြေးရေးနှင့် အခွန်စီမံခန့်ခွဲရေးဆိုင်ရာ လုပ်ငန်းတာဝန်များ ဆောင်ရွက်ကြရာတွင်လည်း ရိုးဖြောင့်မှန်ကန်စွာဖြင့် တာဝန်သိသိ၊ သစ္စာရှိရှိ ဆောင်ရွက်ကြရန် အထူးအရေးကြီးကြောင်းဖြင့် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက ဇန်နဝါရီ ၁၆ ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ တိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနရှိ ဦးစီးဌာန၊ လုပ်ငန်းများမှ အရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံပွဲတွင် ပြောကြားခဲ့သည်။

အခမ်းအနားတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ ပင်စင်ဦးစီးဌာန၊ မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်၊ မြန်မာ့အာမခံလုပ်ငန်း၊ မြန်မာ့အသေးစားငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးလုပ်ငန်းတို့မှ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဌာနအလိုက်ရည်မှန်းချက်နှင့် လုပ်ငန်းတာဝန်များ၊ ဘဏ္ဍာနှစ်အတွင်း လုပ်ငန်းရည်မှန်းလျာထားချက်နှင့် ဆောင်ရွက်ပြီးစီးမှု အခြေအနေများ၊ ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို တင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များကို ဖြည့်စွက်မှာကြားသည်။

ထို့နောက် ပြည်တွင်းအခွန်များဦးစီးဌာန တိုင်းဒေသကြီးအခွန်ဦးစီးဌာနမှူးရုံး၌ ကွန်ပျူတာနှင့်ရုံးလုပ်ငန်း အခြေခံသင်တန်း အမှတ်စဉ်(၃၁) ဖွင့်လှစ်သင်ကြားပို့ချနေမှုကို ကြည့်ရှုစစ်ဆေးပြီး မြန်မာ့အာမခံလုပ်ငန်း တိုင်းဒေသကြီးမန်နေဂျာရုံး၏ အာမခံလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများ၏ တင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းတာဝန်များကို စေတနာအရင်းခံပြီး ချိုသာပြေပြစ်စွာ ဆောင်ရွက်ရန်၊ တိကျမှန်ကန်မြန်ဆန်သည့် လုပ်ငန်းဆောင်ရွက်မှုတို့ဖြင့် လုပ်ငန်းတိုးတက်အောင်မြင်မှုများရရှိအောင် ဆောင်ရွက်သွားကြရန် မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် အကောက်ခွန်ဦးစီးဌာန နယ်မြေ(၁)၊ တိုင်းဒေသကြီး/ပြည်နယ်နှင့် မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအနေဖြင့် တရားမဝင် တင်သွင်း/တင်ပို့လုပ်ငန်းများ၊ မှောင်ခိုလုပ်ငန်းများကို တားဆီးရာတွင် အဂတိလိုက်စားမှုမရှိဘဲ ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများအတိုင်း တိကျစွာ လိုက်နာဆောင်ရွက်ကြရန် လိုကြောင်းဖြင့် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူ အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်) အားကစား လေ့ကျင့်နေမှုများ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၁၈

မြန်မာနိုင်ငံအမျိုးသား အားကစားကော်မတီအတွင်းရေးမှူး အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူသည် ယနေ့ညနေ ၄ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် ကျိုက္ကဆံအားကစားကွင်းရှိ အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်)သို့သွားရောက်၍ ၂၀၁၃ ခုနှစ် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်နိုင်ရေးအတွက် လေ့ကျင့်နေသော ဂျူဒို၊ ပိုက်ကျော်ခြင်း၊ ပြေးခုန်ပစ် အားကစားနည်းများ လေ့ကျင့်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



အထက(၁)ဒဂုံ၏ ၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ကြသူများ ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားတွင် အထက(၁)ဒဂုံ သံစုံတီးဝိုင်းမှ ဖျော်ဖြေစဉ်။ (ပညာရေး)

ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းအား BBC World News Editor လာရောက်တွေ့ဆုံ မီဒီယာဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်သွားနိုင်မည့် အခြေအနေများ ဆွေးနွေး

နေပြည်တော် ဇန်နဝါရီ ၁၈

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းအား လန်ဒန်မြို့အခြေစိုက် BBC မှ World News Editor Mr. Jon Willions နှင့်အဖွဲ့သည် ယမန်နေ့မွန်းလွဲ ၁ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ဆွေးနွေး

ထိုသို့တွေ့ဆုံရာတွင် မီဒီယာဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်သွားနိုင်မည့် အခြေအနေများနှင့် ရုပ်မြင်သံကြားထုတ်လွှင့်ရေးဆိုင်ရာကိစ္စရပ်များတွင် ယခုထက် ပိုမိုပူးပေါင်းဆောင်ရွက်ရေးတို့ကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တက်ရောက်

အဆိုပါတွေ့ဆုံပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်း၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်၊ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် ရုံးအဖွဲ့မှူးတို့ တက်ရောက်ကြသည်။ (သတင်းစဉ်)

/ / / / / / / / / / / / / / / /

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းအား လန်ဒန်မြို့အခြေစိုက် BBC မှ World News Editor Mr. Jon Willions နှင့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ဇန်နဝါရီ ၁၈ ရက်က ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ ကျင်းပသည့် တရုတ်နွေဦးပွဲတော်(Chinese Spring Festival) ဧည့်ခံပွဲ အခမ်းအနားသို့ တက်ရောက်လာသော ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေအား မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာလီကျင်းဟွာ ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

မုဒုံနှင့် သံဖြူဇရပ်မြို့နယ်တို့၌ ဒေသဖွံ့ဖြိုးရေး မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့် ကွင်းဆင်းဆောင်ရွက်

နေပြည်တော် ဇန်နဝါရီ ၁၈

မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်သည် ဇန်နဝါရီ ၁၅ ရက်တွင် မုဒုံမြို့ ဘဲရမ်းကုန်ထုတ်လယ်ယာအသင်း၏ နွေစပါးစိုက်ပျိုးရန် မြေယာပြုပြင်ထွန်ယက်နေမှုနှင့် ပျိုးပင်များ ပျိုးထောင်ထားရှိမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် သံဖြူဇရပ်မြို့နယ် ကျိုက္ခမီဆုတောင်းပြည့်ဘုရားသို့ ရောက်ရှိပြီး ရေလယ်ဘုရားစကြံနတ်လမ်းဟောင်း ပြိုပျက်နေမှုနှင့် ယာယီနတ်လမ်းဟောင်း ဆောက်လုပ်ထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။ ယင်းနောက် ဂေါပကရုံးအစည်းအဝေးခန်းမ၌ အလှူရှင်နှင့် ဂေါပကအဖွဲ့ဝင်များအားတွေ့ဆုံ၍ စကြံနတ်လမ်းသစ် အမြန်ပြုပြင်တည်ဆောက်ရာတွင် ရှေးဟောင်းမြန်မာမှုအနုပညာလက်ရာများ မပျက်စီးစေဘဲ စံချိန်စံညွှန်းမီ အနုပညာလက်ရာမြောက်စွာဖြင့် ပြုပြင်တည်ဆောက်သွားရေးတို့ကို မှာကြားပြီး ရေလယ်ဘုရားကြီးအား ဖူးမြော်ကြည်ညိုကာ ဘုရားဖူးလာရောက်ကြသည့် နိုင်ငံခြားသားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထိုမှတစ်ဆင့် စက်စဲကမ်းခြေ၌ တာဝန်ရှိသူများနှင့်တွေ့ဆုံကာ ကမ်းခြေသာယာလှပရေး၊ အပန်းဖြေ ဘန်ဂလိုဆောင်များ ဥပမိရုပ်ကောင်းမွန်ပြီး သန့်ရှင်းလှပရေးတို့ကို ဆောင်ရွက်သွားကြရန်မှာကြားသည်။

ယင်းနောက် သံဖြူဇရပ်ဘူတာ၌ ဘူတာပတ်ဝန်းကျင်သန့်ရှင်းရေး ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး ရေး-မော်လမြိုင်ရထားဖြင့် သံဖြူဇရပ်ဘူတာမှ မုဒုံဘူတာသို့ ပြန်လည်ထွက်ခွာ၍ လမ်းတစ်လျှောက် အောင်မြင်ဖြစ်ထွန်းနေသော နွေစပါးများနှင့် ရော်ဘာခင်းများကိုလည်းကောင်း၊ မီးရထားသံလမ်းနှင့် တံတားများ ကြံ့ခိုင်မှုအတွက် ကွန်ကရစ်ဇလီဖားတုံးများ လဲလှယ်အစားထိုးဆောင်ရွက်နေမှုတို့ကို လည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ပြီး မုဒုံမြို့ ဘဲရမ်းစံပြကျေးရွာ ဧက ၅၀၀ နွေစပါးစိုက်ကွက်၌ ဘဲရမ်းကောက်စိုက်သမများ၏ နွေစပါးစိုက်ပျိုးနေမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အမျိုးသမီးများ လူနေမှုဘဝမြှင့်တင်ရေးလုပ်ငန်းအဖွဲ့ မီးသတ်တပ်ဖွဲ့ဝင်များအား ထောက်ပံ့ကြေးငွေ ပေးအပ်

ရန်ကုန် ဇန်နဝါရီ ၁၈

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများ လူနေမှုဘဝမြှင့်တင်ရေး လုပ်ငန်းအဖွဲ့က မင်္ဂလာတောင်ညွန့်မြို့နယ် ကူးတို့ဆိပ်ရပ်ကွက် မီးလောင်မှုဖြစ်ပွားစဉ် အသက်ဆုံးရှုံးခဲ့ရသည့် မီးသတ်တပ်ဖွဲ့ဝင် ငါးဦး၊ ပြင်းထန်စွာ ထိခိုက်ဒဏ်ရာရရှိခဲ့ကြသည့် မီးသတ်တပ်ဖွဲ့ဝင်နှင့် အရန်တပ်ဖွဲ့ဝင်တို့အား ထောက်ပံ့ကြေးငွေ ပေးအပ်ပွဲကို ဇန်နဝါရီ ၁၇ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ တာမွေမြို့နယ် မီးသတ်ဦးစီးဌာနမှူးရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများ လူနေမှုဘဝမြှင့်တင်ရေး လုပ်ငန်းအဖွဲ့ ခေါင်းဆောင် ဒေါ်ခင်မြချစ်က ထောက်ပံ့ကြေးငွေ ပေးအပ်လှူဒါန်းရခြင်းကို ရှင်းလင်းပြောကြားသည်။ ထို့နောက် အဖွဲ့ခေါင်းဆောင် ဒေါ်ခင်မြချစ်၊ အတွင်းရေးမှူး ဒေါ်သီတာတင်နှင့် အဖွဲ့ဝင်များက မီးလောင်မှုဖြစ်ပွားစဉ် အသက်ဆုံးရှုံးခဲ့ရသည့် မီးသတ်တပ်ဖွဲ့ဝင် ငါးဦးတို့၏ မိသားစုနှင့် ပြင်းထန်စွာ ဒဏ်ရာရရှိခဲ့ကြသည့် တပ်ဖွဲ့ဝင်နှင့် အရန်တပ်ဖွဲ့ဝင် ငါးဦးတို့အား ထောက်ပံ့ကြေးငွေ ကျပ် ၁၀ သိန်းကို ပေးအပ်သည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးကြည်ဝင်းနှင့် တာမွေမြို့နယ် မီးသတ်ဦးစီးဌာနမှူးရုံး ဒုတိယဦးစီးမှူး ဦးကျော်ဆန်းတို့က ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများ လူနေမှုဘဝမြှင့်တင်ရေးလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်ခင်မြချစ် မင်္ဂလာတောင်ညွန့်မြို့နယ် ကူးတို့ဆိပ်ရပ်ကွက် မီးလောင်မှုဖြစ်ပွားစဉ် အသက်ဆုံးရှုံးခဲ့ရသည့် မီးသတ်တပ်ဖွဲ့ဝင်များ၏ မိသားစုအား ထောက်ပံ့ကြေးငွေများ ပေးအပ်စဉ်။ (သတင်းစဉ်)

ကျောက်တံခါးမြို့နယ် အုပ်ချုပ်ရေးမှူးဖလား ဘောလုံးပြိုင်ပွဲ ဆက်လက်ကျင်းပ

ကျောက်တံခါး ဇန်နဝါရီ ၁၈

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် မြို့နယ်အုပ်ချုပ်ရေးမှူးဖလား အမျိုးသား အလွတ်တန်းဘောလုံးပြိုင်ပွဲ အုပ်စုပတ်လည်ပြိုင်ပွဲများကို ဇန်နဝါရီ ၁၇ ရက်တွင် ကျောက်တံခါးမြို့နယ် အားကစားကွင်း၌ ဆက်လက်ကျင်းပရာ မကျီးပင်အသင်းက ဇီးကုန်းအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

ဇန်နဝါရီ ၁၈ ရက်က ရင်းတိုက်ကုန်းအသင်းနှင့် ကျောင်းစိုးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကိုယ့်အားကိုယ်ကိုး တံတားဖွင့်လှစ်

အင်းတော် ဇန်နဝါရီ ၁၈

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးဒေသ ပုန်းဟုန်ကျေးရွာအုပ်စု ပုန်းဟုန်ကျေးရွာ စေတနာရှင်များ တံတားဖွင့်ပွဲကို ၂၀၁၁ ခုနှစ် နိုဝင်ဘာ ၁၃ ရက် နံနက် ၉ နာရီက ကျင်းပခဲ့ရာ ကျေးရွာအုပ်စု ဥက္ကဋ္ဌများ၊ ဌာနဆိုင်ရာများ၊ တံတားစေတနာရှင်များ၊ တံတားဖြစ်မြောက်ရေးကော်မတီများနှင့် မိဘပြည်သူများ တက်ရောက်ကြသည်။

အဆိုပါတံတားအား မော်လူးဒေသတိုက်နယ်ဆရာဝန် ဖြိုးကျော်အောင်နှင့် ပုန်းဟုန်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးကျော်ဆန်းတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးခဲ့သည်။ အဆိုပါတံတားမှာ အရှည်ပေ၁၇၀၊ အကျယ် ခုနစ်ပေနှင့် အနက် ခုနစ်တောင်ခန့်ရှိ လူသွားတံတားဖြစ်ပြီး စေတနာရှင်များထည့်ဝင်သော အလှူငွေကျပ် ၂၃၈၈၀၀၀ ဖြင့်မတည်ကာ တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး တံတားကုန်ကျငွေမှာ ငွေကျပ်သိန်း ၅၀ ခန့်ဖြစ်ကြောင်း သိရသည်။ (ကြေးမုံ)

ထားဝယ်ခရိုင်ပြန်/ဆက်သို့ ကွန်ပျူတာလှူဒါန်း

ထားဝယ် ဇန်နဝါရီ ၁၈

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသို့ ထားဝယ်မြို့နယ် ပုံနှိပ်လုပ်ငန်းရှင်များက ကွန်ပျူတာလှူဒါန်းပွဲကို ဇန်နဝါရီ ၁၅ ရက် မွန်းလွဲ ၂ နာရီတွင် ထားဝယ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်ခန်းမ၌ကျင်းပရာ တနင်္သာရီတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်ထွန်းက အမှာစကားပြောကြားသည်။ ယင်းနောက် ပုံနှိပ်လုပ်ငန်းရှင်များကိုယ်စား ဦးကျော်ထွန်းက ကွန်ပျူတာတစ်စုံကို ခရိုင်ဦးစီးအရာရှိ ဦးစိုးညွှန့်ရွှေထံ ပေးအပ်လှူဒါန်းပြီး **(အောက်ပုံ)** အလှူရှင် ပဒေသာဗီနိုင်းလုပ်ငန်းရှင် ဒေါက်တာယဉ်ယဉ်သိန်းက ပရင်တာတစ်လုံးကို ပေးအပ်လှူဒါန်းရာ ဒုတိယဦးစီးမှူး ဒေါ်မူမူအေးက လက်ခံရယူကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး ကလေးတက္ကသိုလ် ကဘော်ခန်းမ(၃)၌ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများအား အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

○ ရွှေဖုံးမှ

ရှေးဦးစွာ စီမံကိန်းရှင်းလင်းဆောင်၌ ဒုတိယသမ္မတအား လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်ဇော်က စီမံကိန်းသည် စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးမြို့နယ် ရာဇဂြိုဟ်ကျေးရွာအနီးတွင် တည်ရှိပြီး နေရဋ္ဌရာချောင်း၌ တည်ဆောက်ထားခြင်းဖြစ်ပါကြောင်းဖြင့် ပဏာမရှင်းလင်းတင်ပြပြီးနောက် အဓိကဆောင်ရွက်ရမည့်လုပ်ငန်းကဏ္ဍများဖြစ်သည့် အကြိုတည်ဆောက်ခြင်း၊ တမံတည်ဆောက်ခြင်း၊ ရေစိမ့်တားကွန်ကရစ်နံရံ တည်ဆောက်ခြင်း၊ ဘိလပ်မြေသရွတ်မှုတ်သွင်းခြင်း၊ ပင်မတမံတည်ဆောက်ခြင်း၊ ဆည်ရေသောက်စနစ် တည်ဆောက်ခြင်း၊ နေရဋ္ဌရာချောင်းကူးတံတား တည်ဆောက်ခြင်း၊ ရေပိုလွှဲတည်ဆောက်ခြင်းနှင့် ရေအားလျှပ်စစ်အဆောက်အအုံ တည်ဆောက်ခြင်းလုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် ဒုတိယသမ္မတက ရာဇဂြိုဟ်ရေလှောင်တမံသည် စိုက်ပျိုးရေးနှင့်လျှပ်စစ်ဓာတ်အားထုတ်မည့် ဘက်စုံစီမံကိန်းတစ်ခုဖြစ်၍ လုပ်ငန်းနှစ်ရပ်ကို ညီညွတ်မျှတအောင်ဆောင်ရွက်ရန်လိုကြောင်း။

စီမံကိန်းတည်ဆောက်မှုအနေဖြင့် စိုက်ပျိုးရေပေးဝေမည့်လုပ်ငန်းအပိုင်းက အရင်ပြီးစီးနိုင်ပြီး လျှပ်စစ်ကိစ္စမပြီးသေးပါက ရေပေးမြောင်းများ အမြန်ပြီးစီးအောင် တည်ဆောက်၍ ရေပေးဝေသည့်လုပ်ငန်း အလျင်စတင်နိုင်ရန် စီစဉ်သွားရန်လိုအပ်မည်ဖြစ်ကြောင်း။

ဤဒေသသည် ဆန်လိုအပ်သောဒေသဖြစ်သည့် ချင်းပြည်နယ်၊ နာဂဒေသနှင့် ဖားကန့်ဒေသများအတွက် ဖြည့်ဆည်းပေးနေသော ဒေသဖြစ်ရာ ဆည်ရေရရှိပါက ဆည်ရေသောက်ဧက ၈၅၀၀ ကျော်သည် တစ်နှစ်သုံးသီး စိုက်ပျိုးလာနိုင်မည်ဖြစ်၍ စိုက်ပျိုးရေးအတွက် လက်တွေ့အကျိုးရှိစေမည့် ဆည်တစ်ခုဖြစ်ကြောင်း။

ထို့ပြင် ဤစီမံကိန်းမှ ထွက်ရှိလာမည့် လျှပ်စစ်ဓာတ်အားကို ဒေသတွင်း လျှပ်စစ်ဓာတ်အား လိုအပ်ချက်အား သင့်လျော်အောင် ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း၊ သို့ဖြစ်ရာ ယခုစီမံကိန်းအတွက် လိုအပ်သော ဘဏ္ဍာရန်ပုံငွေများလည်း ပေးပြီးဖြစ်၍ အမြန်ပြီးစီးအောင် ဆောင်ရွက်ရန်လိုအပ်ကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယသမ္မတသည် စီမံကိန်းရှင်းလင်းဆောင်စုရပ်မှနေ၍ စီမံကိန်းလုပ်ငန်းခွင် အခြေအနေနှင့် နေရဋ္ဌရာချောင်း၏ ရေဝေရေလဲအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ ဒုတိယသမ္မတသည် စီမံကိန်းရှင်းလင်းဆောင်ရှေ့၌ ခင်းကျင်းပြသထားသော ရေလှောင်တမံ တည်ဆောက်ရာတွင် အသုံးပြုမည့် သဲနှင့် ကျောက်နမူနာများကို ကြည့်ရှုသည်။

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး ရာဇဂြိုဟ် ရေလှောင်တမံ တည်ဆောက်ရာတွင် အသုံးပြုမည့်သဲနှင့် ကျောက်နမူနာများကို ကြည့်ရှုစဉ်။

(သတင်းစဉ်)

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ထွက်ခွာခဲ့ပြီး သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ကွန်ပျူတာတက္ကသိုလ်(ကလေး)ပင်မသုံးထပ်ကျောင်းဆောင်သစ် တည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိကြသည်။

ဆက်လက်၍ စီမံကိန်းရှင်းလင်းဆောင်၌ ရွှေတောင်ဖွံ့ဖြိုးတိုးတက်မှု ကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူက တည်ဆောက်ရေးလုပ်ငန်းများအခြေအနေကို ရှင်းလင်းတင်ပြရာ ဒုတိယသမ္မတက စာသင်ဆောင်များ တည်ဆောက်ပြီးစီးပါက ယခင်စာသင်ဆောင်အဟောင်းများတွင် ဆရာ၊ ဆရာမများ နေထိုင်နိုင်အောင် စီစဉ်ပေးရေးနှင့် ဝင်ထွက်လမ်းများပါ တစ်ပါတည်းပြီးအောင် ဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ရွှေသံလွင်ကုမ္ပဏီက ကွန်ပျူတာတက္ကသိုလ်(ကလေး)အတွက် ဖုန်း၊ အင်တာနက်နှင့် ရုပ်သံလိုင်းများပါဝင်သော MPS Sky Net ရုပ်သံဖမ်းစက်၊ ရုပ်မြင်သံကြားပြစက်နှင့် လက်ဆွဲမီးစက်တို့ကို ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီးက လက်ခံသည်။

ယင်းနောက် ဒုတိယသမ္မတသည် စီမံကိန်းလုပ်ငန်းခွင်အတွင်း ပင်မ(၃)ထပ်ကျောင်းဆောင်သစ် တည်ဆောက်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ကလေးမြို့ ခုတင်(၂၀၀)ဆံ့ ပြည်သူ့ဆေးရုံသို့ ရောက်ရှိကြရာ ဆေးရုံအုပ်ကြီးနှင့် ဆရာဝန်၊ သူနာပြုများက ကြိုဆိုကြသည်။

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်က ကလေးမြို့ ပြည်သူ့ဆေးရုံကြီး အကွက်ချပုံစံဖြင့် ဆေးရုံတည်ဆောက်ထားမှုအနေအထားကို ရှင်းလင်းတင်ပြရာ ဒုတိယသမ္မတက လက်ရှိဆေးရုံတွင် လူနာဝင်ဆံ့မှုအရ လူနာများပြားနေ၍ ဆေးရုံတိုးချဲ့တည်ဆောက်နိုင်ရေးအတွက် မြေနေရာအား ကြည့်ရှုပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် ဒုတိယသမ္မတသည် ဆေးရုံအတွင်း ကလေးကုသဆောင်၊ သားဖွားမီးယပ်ဆောင်၊ ခွဲစိတ်ဆောင်၊ အထူးကြပ်မတ်ကုသခန်းနှင့် အမျိုးသားလူနာဆောင်တို့ကို ကြည့်ရှုစစ်ဆေးပြီး ဆေးရုံတက်ရောက် ကုသမှုခံယူလျက်ရှိသော လူနာများအား ရင်းရင်းနှီးနှီး နှုတ်ဆက်၍ အားပေးစကားပြောကြားသည်။

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး ကလေးမြို့ ခုတင်(၂၀၀)ဆံ့ ပြည်သူ့ဆေးရုံ၌ ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ဆက်လက်၍ လုပ်ငန်းရှင်များကိုယ်စား အိုင်ဂျီအီးကုမ္ပဏီဥက္ကဋ္ဌ ဦးနေအောင်က ကလေးမြို့ ပြည်သူ့ဆေးရုံကြီးအတွက် ငွေကျပ်သိန်း ၅၀၊ ကလေးခရိုင်အတွင်းရှိ ကျေးလက်ဆေးပေးခန်း နှစ်ခုအတွက် ငွေကျပ်သိန်း ၄၀ ကို ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ကြီးက လက်ခံသည်။

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ကလေးမြို့ ကလေးတက္ကသိုလ်သို့ ရောက်ရှိကြရာ တာဝန်ခံပါမောက္ခချုပ်နှင့် ဆရာ၊ ဆရာမများက ကြိုဆိုကြသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ကလေးတက္ကသိုလ် ကဘော်ခန်းမ(၃)၌ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်ကြသည်။

ရှေးဦးစွာ ကလေးတက္ကသိုလ် တာဝန်ခံပါမောက္ခချုပ် ဦးမြင့်ဆွေက ကလေးတက္ကသိုလ်၏ သမိုင်းအကျဉ်းကို ပဏာမရှင်းလင်းတင်ပြပြီး သင်ကြားပို့ချသော အထူးပြုဘာသာရပ်များ၊ မြို့နယ်အလိုက် ကျောင်းသားဦးရေ၊ အသုံးပြုလျက်ရှိသော စာသင်ခန်းများ၊ ကလေးတက္ကသိုလ် ဘာသာရပ်အလိုက် ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲ သုတေသနစာရင်းနှင့် သင်ကြားစီမံကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယသမ္မတက အမှာစကားပြောကြားရာတွင် ယနေ့မိမိနှင့် အဖွဲ့သည် ကလေးဖွံ့ဖြိုးရေးဒေသရှိ တက္ကသိုလ်များသို့ သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များကို ပံ့ပိုးဖြည့်ဆည်းပေးခဲ့ကြောင်း၊ ဤကလေးဒေသရှိ တက္ကသိုလ်များ၌ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးရှိ လူငယ်လူရွယ်များ၏ အဆင့်မြင့်ပညာသင်ကြားနိုင်ရန် တည်ထောင်ပေးခဲ့ခြင်း ဖြစ်ပါကြောင်း၊ တက္ကသိုလ်များတွင် တက်ရောက်ပညာဆည်းပူးနေသည့် ကျောင်းသားဦးရေမှာ ဝိဇ္ဇာ၊ သိပ္ပံတက္ကသိုလ်တွင် ကျောင်းသားအင်အား ၅၀၀၀ ကျော် လက်ခံသင်ယူနိုင်ပြီး လက်ရှိကျောင်းသား ၄၀၀၀ ကျော်၊ ကွန်ပျူတာတက္ကသိုလ်တွင် ကျောင်းသား ၁၂၅ ဦး၊ နည်းပညာတက္ကသိုလ်တွင် ကျောင်းသား ၁၄၀၀ တက်ရောက် သင်ကြားလျက်ရှိနေကြကြောင်း။

သို့ရာတွင် အသက်မွေးဝမ်းကျောင်း တက္ကသိုလ်များတွင် တက်ရောက်နိုင်မှု အားနည်းနေသေးရာ အခြေခံပညာကျောင်းများမှ အရည်အချင်းမီ ကျောင်းသားများ ဖြစ်ပေါ်လာစေရေးအတွက် တစ်ဖက်က အခြေခံပညာဦးစီးဌာန အနေဖြင့် ပိုမိုထိရောက်စွာ ဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း။

ယခု ၂၀၁၁-၂၀၁၂ ပညာသင်နှစ် စတင်တက်ရောက်သော တက္ကသိုလ်ကျောင်းသားများမှစ၍ သင်ကြားမှုအား တစ်နှစ်ထပ်မံ တိုးမြှင့်သင်ကြားရန် ဆောင်ရွက်လျက်ရှိကြောင်း၊ အဓိကမှာ လက်ရှိစာသင်ကြားမှုတွင် သင်ရိုးများ ပြည့်ဝစွာ သင်ကြားပေးနိုင်သော်လည်း ကျောင်းသားများအနေဖြင့် ဘာသာရပ်နှင့် ဆက်စပ်၍ ပိုမိုလေ့လာနိုင်မှုအချိန် လျော့နည်းခြင်း၊ ကျမ်းပြုစာတမ်းများ ပြုစုရာတွင် အချိန်မလုံလောက်ခြင်းတို့ကြောင့် သင်ကြားမှုဘာသာရပ်နှင့် လက်တွေ့ဆက်စပ်ပေးနိုင်မှု အားနည်းချက်များအတွက် စီစဉ်ဆောင်ရွက်ခြင်း ဖြစ်ကြောင်း။

ထိုသို့ ဆောင်ရွက်ခြင်းကြောင့် တက္ကသိုလ်ကျောင်းသားများအနေဖြင့် ဘွဲ့ရပြီး လုပ်ငန်းခွင်ဝင်သည့် အခါ အတွေ့အခေါ်မှန်မှန်ကန်ကန် ပညာရည်ပြည့်ပြည့်ဝဝဖြင့် လုပ်ငန်းခွင်အတွင်း ဝင်ဆံ့သွားမည်ဖြစ်ကြောင်း၊ ဆရာ၊ ဆရာမများအနေဖြင့်လည်း ကျောင်းသားများ၏ ပညာရည်မြင့်မားရေးကို အလေးထားဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း။

ယနေ့ မိမိတို့နိုင်ငံ၏ အခြေအနေမှာ စီးပွားရေးလုပ်ငန်းမျိုးစုံ ပေါ်ပေါက်လာနေပြီဖြစ်ကြောင်း၊ နိုင်ငံတကာစီးပွားရေးလုပ်ငန်းများလည်း နိုင်ငံအတွင်း စီးဝင်လာမည်ဖြစ်၍ အလုပ်အကိုင်အခွင့်အလမ်းများလည်း တိုးတက်လာမည်ဖြစ်ရာ မိမိတို့လူငယ်များ အရည်အချင်း ပြည့်ပြည့်ဝဝဖြင့် လုပ်ငန်းခွင်အတွင်း ဝင်ရောက်နိုင်သူများဖြစ်အောင် အလေးအနက်ထားသင်ကြားပေးရန် ဆရာ၊ ဆရာမများအား မေတ္တာရပ်ခံပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ရွှေသံလွင်ကုမ္ပဏီဥက္ကဋ္ဌက ကလေးတက္ကသိုလ်အတွက် ဖုန်း၊ အင်တာနက်နှင့် ရုပ်သံလိုင်းများ

ကွန်ပျူတာတက္ကသိုလ်(ကလေး) ပင်မသုံးထပ်ကျောင်းဆောင်သစ် တည်ဆောက်နေမှုကို တွေ့ရစဉ်။

(သတင်းစဉ်)

19-1)08.pmd 1 1/19/2012, 3:31 AM

သားများ ဖြစ်ပေါ်လာစေရေးအတွက် တစ်ဖက်က အခြေခံပညာဦးစီးဌာန အနေဖြင့် ပိုမိုထိရောက်စွာ ဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း။

ယခု ၂၀၁၁-၂၀၁၂ ပညာသင်နှစ် စတင်တက်ရောက်သော တက္ကသိုလ် ကျောင်းသားများမှစ၍ သင်ကြားမှုအား တစ်နှစ်ထပ်မံ တိုးမြှင့်သင်ကြားရန် ဆောင်ရွက်လျက်ရှိကြောင်း၊ အဓိကမှာ လက်ရှိစာသင်ကြားမှုတွင် သင်ရိုးများ ပြည့်ဝစွာ သင်ကြားပေးနိုင်သော်လည်း ကျောင်းသားများအနေဖြင့် ဘာသာရပ်နှင့် ဆက်စပ်၍ ပိုမိုလေ့လာနိုင်မှုအချိန် လျော့နည်းခြင်း၊ ကျမ်းပြုစာတမ်းများ ပြုစုရာတွင် အချိန်မလုံလောက်ခြင်းတို့ကြောင့် သင်ကြားမှုဘာသာရပ်နှင့် လက်တွေ့ဆက်စပ်ပေးနိုင်မှု အားနည်းချက်များအတွက် စီစဉ်ဆောင်ရွက်ခြင်း ဖြစ်ကြောင်း။

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး ကလေးမြို့ အောင်ဇေယျခန်းမ၌ ခရိုင်နှင့် မြို့နယ် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများအား အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

...ရဦးတင်အောင်မြင့်ဦး ရာဇဂြိုဟ် ရေလှောင်တမံ ...ရှုမည့်သဲနှင့် ကျောက်နမူနာများကို ကြည့်ရှုစဉ်။ (သတင်းစဉ်)

☆ ဒီမိုကရေစီမှ

ရှေးဦးစွာ ကလေးခရိုင်အုပ်ချုပ်ရေးမှူး၊ တမူးခရိုင်အုပ်ချုပ်ရေးမှူးနှင့် မော်လိုက်ခရိုင် အုပ်ချုပ်ရေးမှူးတို့က သက်ဆိုင်ရာခရိုင်များ၏ တည်နေရာ၊ အကျယ်အဝန်းနှင့် အုပ်ချုပ်ရေးဆိုင်ရာ အချက်အလက်များကို ပဏာမ ရှင်းလင်းတင်ပြကြပြီး မြေအသုံးချမှု၊ မိုးရွာသွန်းမှု၊ မိုးသီးနှံစိုက်ပျိုးရန် လျာထားချက်နှင့် အမှန်စိုက်ပျိုးပြီးစီးမှု၊ ဆောင်းသီးနှံစိုက်ပျိုးမှု၊ အဓိကသီးနှံ ၁၀ မျိုး ပန်းတိုင်အထွက်နှုန်းရရှိမှုနှင့် စိုက်ပျိုးထုတ်လုပ်မှု၊ စက်မှုလယ်ယာကူးပြောင်းမှု၊ စိုက်ပျိုးစရိတ်ချေးငွေထုတ်ချေးမှု၊ အသားတင်ထုတ်လုပ်မှုနှင့် လူတစ်ဦးချင်းဝင်ငွေ၊ ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်မှု၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်မှုနှင့် ဒေသလိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသိန်းလှိုင်နှင့် မြို့မိမြို့ဖ ဦးဂင်ခန့်ပေါင်တို့က ဒေသ၏ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်ဓာတ်အား ရရှိရေးဆိုင်ရာ လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးက ကလေး၊ တမူးနှင့်မော်လိုက်ခရိုင် အုပ်ချုပ်ရေးမှူးများ၏ တင်ပြချက်များအပေါ် ဖြည့်စွက်ရှင်းလင်းဆွေးနွေးပြီး လိုအပ်ချက်များကို တင်ပြသည်။

ထို့နောက် ဒုတိယသမ္မတက ယနေ့ မိမိတို့အဖွဲ့သည် ကလေးခရိုင်၊ မော်လိုက်ခရိုင်နှင့် တမူးခရိုင်တို့မှ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံ၍ ဒေသအခြေအနေကို သိရှိနိုင်ရန်နှင့် လိုအပ်ချက်များကို ဖြည့်ဆည်းပေးသွားရန် တွေ့ဆုံခြင်းဖြစ်ပါကြောင်း။

ကလေး၊ တမူး၊ မော်လိုက် သုံးခရိုင်လုံးတွင် ကျန်ရှိနေသေးသည့် မြေလွတ်၊ မြေရိုင်းများ၌ ရော်ဘာနှင့် အခြားစီးပွားဖြစ် နှစ်ရှည်ပင်များ စီမံကိန်းဖြင့် စိုက်ပျိုးရန် တိုက်တွန်းပါကြောင်း၊ ထို့ပြင် အဓိကသီးနှံ ၁၀ မျိုးပန်းတိုင်အထွက်နှုန်း ရရှိရေး ရည်မှန်းချက်ကိုလည်း ထိထိရောက်ရောက် ဆောင်ရွက်သွားရန် တိုက်တွန်းပါကြောင်း။

ထို့ပြင် ဤခရိုင်များတွင် ဝမ်းစာဖူလုံရုံမျှမက ပိုလျှံမှုရှိသည်ကို တွေ့ရပါကြောင်း၊ သို့သော်လည်း ချင်းပြည်နယ်နှင့် နာဂဒေသများအနေဖြင့် ဝမ်းစာအတွက် ကျန်ခရိုင်များကို အမှီသဟဲပြုနေရဆဲဖြစ်၍ အဆိုပါဒေသများအတွက် ဆက်လက်ရပ်တည်ဆောင်ရွက်ပေးရန် လိုအပ်မည်ဖြစ်သဖြင့် ယခုထက်ပိုမိုတိုးတက်အောင် ဆောင်ရွက်သွားရန် တိုက်တွန်းပြောကြားလိုပါကြောင်း။

ဤဒေသတွင် ရေနံစိမ်းထုတ်လုပ်သည့် လုပ်ငန်း၊ ရွှေလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ လုံခြုံရေးနှင့် အုပ်ချုပ်ရေးကို စနစ်တကျရှိရေး၊ ရေနံနှင့်ရွှေ ရှာဖွေတူးဖော်ရန် လာရောက်ကြသူများ၏ ကျန်းမာရေးစောင့်ရှောက်မှုပေးရေး၊ ယင်းတို့၏ ကလေးသူငယ်များအတွက် ကျောင်းပညာ သင်ကြားရေးတို့ကို သက်ဆိုင်ရာတာဝန်ရှိသူများက ဆောင်ရွက်ပေးသွားရန်မှာကြားလိုပါကြောင်း။

ယနေ့နိုင်ငံတော်က လူတိုင်းလူတိုင်း မူလတန်းပညာ အခမဲ့သင်ယူနိုင်ရေးအတွက် ဖတ်စာအုပ်နှင့် လေ့ကျင့်ခန်းစာအုပ်များကို လာမည့်စာသင်နှစ်မှစ၍ ပံ့ပိုးပေးရန် စီစဉ်ထားပြီးဖြစ်ပါကြောင်း၊ ထို့ပြင် ကျောင်းနေအရွယ်ကလေးများ ကျောင်းနေရေးနှင့် စဉ်ဆက်မပြတ် ပညာသင်ကြားနိုင်ရေးအတွက် ပညာသင်ထောက်ပံ့ကြေးများကိုလည်း ပေးအပ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း။

နိုင်ငံတော်က တစ်နိုင်ငံလုံးရှိ လူငယ်လူရွယ်များအတွက် အခြေခံပညာနှင့် အဆင့်မြင့်ပညာကို တစ်ဆက်တစ်စပ်တည်း သင်ယူနိုင်မည့် အခွင့်အလမ်းများကို ဖော်ဆောင်ပေးလျက်ရှိရာ အဆိုပါအခွင့်အရေးကို ကလေးသူငယ်တိုင်း ခံစားရရှိအောင် ကျောင်းသား၊ ဆရာ၊ မိဘအားလုံးဝိုင်းဝန်းဖေးမကူညီသွားရန် တိုက်တွန်းမေတ္တာရပ်ခံပါကြောင်း။

ယခု ကလေးမြို့မှ မြို့မိမြို့ဖများ၏ တင်ပြချက်များဖြစ်သည့် ကလေးမြို့ ဆေးရုံတိုးချဲ့ရေး၊ လူနာတင်ယာဉ်တစ်စီး ရရှိရေး၊ ကျောင်းများအဆင့်မြှင့်တင်ပေးရေး တင်ပြချက်များကိုလည်း ဖြည့်ဆည်းပေးသွားနိုင်အောင် ညှိနှိုင်းလုပ်ဆောင်သွားမည် ဖြစ်ပါကြောင်း၊ တင်ပြသည့် မုံရွာ-ယာကြီး-ကလေး-ကလေးဝလမ်း (၁၁၅)မိုင်ကို ပြင်ဆင်သွားရန် စီစဉ်ထားပါကြောင်း၊ အဆိုပါလမ်းမှာ နောင်တွင် အိန္ဒိယ-မြန်မာ-ထိုင်းနိုင်ငံတို့ကို ဆက်စပ်လာမည့်လမ်းလည်းဖြစ်ပါကြောင်း၊ အဆိုပါလမ်းကြောင်းပေါ်ရှိ ပခုက္ကူတံတားကြီးကိုလည်း မကြာမီက ဖွင့်လှစ်ခဲ့ပြီးဖြစ်ပါကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဒုတိယသမ္မတက နိုင်ငံတော်သမ္မတကိုယ်တိုင်ဦးဆောင်၍ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေးလုပ်ငန်းစဉ်များ အောင်မြင်ရေးအတွက် လုပ်ငန်းစဉ်တွင် ဆက်စပ်ပါဝင်သူများက အောင်မြင်အောင် ဆောင်ရွက်မည်ဆိုသည့် ရည်မှန်းချက် ခိုင်ခိုင်မာမာဖြင့် ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း။

ယနေ့အချိန်တွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ပြည်သူများက ရွေးကောက်တင်မြှောက်ခဲ့သည့် ပြည်သူ့ကိုယ်စားလှယ်များက ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုသည့် နိုင်ငံတော်၏ အချုပ်အခြာအာဏာ (၃)ရပ်ကို တာဝန်ယူခွဲဝေဆောင်ရွက်နေကြပြီဖြစ်ပါကြောင်း၊ ဒီမိုကရေစီနိုင်ငံတော်သစ်၏ အသွင်သဏ္ဌာန်နှင့် အနှစ်သာရများလည်း တဖြည်းဖြည်း ပံ့ပေါ်လာနေသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း။

ထို့ပြင် နိုင်ငံတော်ကြီး အဓွန့်ရှည်ကြာစွာ တည်မြဲရေးနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးသည် အဓိကကျသည့် အလျောက် အကြောင်းအမျိုးမျိုးကြောင့် ပေါ်ပေါက်လာသည့် လက်နက်ကိုင်ဆန့်ကျင်မှုများ ချုပ်ငြိမ်းပပျောက်ရန် ထာဝရငြိမ်းချမ်းရေးရရှိအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ တိုးတက်မှုများ ရရှိနေပြီဖြစ်ပါကြောင်း။

အလားတူ ဒီမိုကရေစီနိုင်ငံတော်သစ်တည်ဆောက်ရေးလုပ်ငန်းစဉ်များတွင် နိုင်ငံရေးပါတီများအပါအဝင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး အတူတကွပူးပေါင်းပါဝင်ဆောင်ရွက်လာနိုင်ရေးအတွက်လည်း အလေးထားဆောင်ရွက်ပေးလျက်ရှိရာ လာမည့်ရွေးကောက်တင်မြှောက်ပွဲတွင် နိုင်ငံရေးပါတီသစ်များပါ အားလုံးဝင်ရောက်ယှဉ်ပြိုင်ရန် ဆောင်ရွက်လျက်ရှိနေကြပြီဖြစ်ပါကြောင်း။

ထို့ပြင် နိုင်ငံစီးပွားဖွံ့ဖြိုးရေးအတွက် နိုင်ငံတကာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ အဆင်ပြေချောမွေ့စေရန်နှင့် ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံသူများအနေဖြင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို လုပ်သာကိုင်သာ ဖြစ်စေရန်အတွက် လိုအပ်သည့်ဥပဒေများ ပြင်ဆင်ပေးခြင်း၊ အခွန်အခများ လျှော့ပေါ့ပေးခြင်း၊ လုပ်ငန်းဆောင်ရွက်မှုများ လွယ်ကူလျင်မြန်မှုရှိအောင် စီမံဆောင်ရွက်ပေးခြင်း၊ အထူးစီးပွားရေးဇုန်များ ထူထောင်ရန် ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်လျက်ရှိပါကြောင်း။

ထို့ပြင် လူမှုရေးအဆင့်အတန်း တိုးမြှင့်ဖြစ်ထွန်းရေးအတွက် ပညာရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရန် လာမည့်ဘဏ္ဍာငွေအသုံးစရိတ်တွင် ပိုမိုထည့်သွင်းလျာထားခဲ့ပါကြောင်း။

နိုင်ငံတော်သမ္မတအနေဖြင့် သန့်ရှင်းသောအစိုးရ၊ ကောင်းမွန်သောအုပ်ချုပ်ရေး ဖြစ်ပေါ်လာစေရန်အတွက် ဆောင်ရွက်လျက်ရှိရာ ပြည်သူများကလည်း ကောင်းမွန်သည့် လူ့အဖွဲ့အစည်းအဖြစ် ပါဝင်၍ ဝိုင်းဝန်းထိန်းကျောင်းပေးကြစေလိုပါကြောင်း။

ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းစဉ်များတွင် ဝန်ထမ်းများကလည်း မိမိတို့တာဝန်အရအပြင် စေတနာပေါင်းစပ်၍ ပြည်သူ့အကျိုးကို ဦးထိပ်ပန်ဆင်ဆောင်ရွက်ပေးကြရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ရွှေသံလွင်ကုမ္ပဏီဥက္ကဋ္ဌက ကလေးခရိုင်၊ တမူးခရိုင်နှင့် မော်လိုက်ခရိုင်တို့အတွက် DTH Sky Net ရုပ်သံဖမ်းစက်၊ ရုပ်မြင်သံကြားပြစက်နှင့် မီးစက်တို့ကို ပေးအပ်လှူဒါန်းရာ ခရိုင်အုပ်ချုပ်ရေးမှူးများက လက်ခံကြသည်။

တွေ့ဆုံပွဲအပြီးတွင် ဒုတိယသမ္မတသည် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။(သတင်းစဉ်)

ထိုသို့ ဆောင်ရွက်ခြင်းကြောင့် တက္ကသိုလ်ကျောင်းသားများအနေဖြင့် ဘွဲ့ရပြီး လုပ်ငန်းခွင်ဝင်သည့် အခါ အတွေးအခေါ်မှန်မှန်ကန်ကန် ပညာရည်ပြည့်ပြည့်ဝဝဖြင့် လုပ်ငန်းခွင်အတွင်း ဝင်ဆံ့သွားမည်ဖြစ်ကြောင်း၊ ဆရာ၊ ဆရာမများအနေဖြင့်လည်း ကျောင်းသားများ၏ ပညာရည်မြင့်မားရေးကို အလေးထားဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း။

ယနေ့ မိမိတို့ နိုင်ငံ၏ အခြေအနေမှာ စီးပွားရေးလုပ်ငန်းမျိုးစုံ ပေါ်ပေါက်လာနေပြီဖြစ်ကြောင်း၊ နိုင်ငံတကာ စီးပွားရေးလုပ်ငန်းများလည်း နိုင်ငံအတွင်း စီးဝင်လာမည်ဖြစ်၍ အလုပ်အကိုင်အခွင့်အလမ်းများလည်း တိုးတက်လာမည်ဖြစ်ရာ မိမိတို့လူငယ်များ အရည်အချင်း ပြည့်ပြည့်ဝဝဖြင့် လုပ်ငန်းခွင်အတွင်း ဝင်ရောက်နိုင်သူများဖြစ်အောင် အလေးအနက်ထား သင်ကြားပေးရန် ဆရာ၊ ဆရာမများအား မေတ္တာရပ်ခံပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ရွှေသံလွင်ကုမ္ပဏီဥက္ကဋ္ဌက ကလေးတက္ကသိုလ်အတွက် ဖုန်း၊ အင်တာနက်နှင့် ရုပ်သံလိုင်းများ ပါဝင်သော MPS Sky Net ရုပ်သံဖမ်းစက်၊ ရုပ်မြင်သံကြားပြစက်နှင့် လက်ဆွဲမီးစက်တို့ကို ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ကြီးက လက်ခံသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် နည်းပညာတက္ကသိုလ်(ကလေး)သို့ ရောက်ရှိကြရာ ကျောင်းအုပ်ကြီးနှင့် ဆရာ၊ ဆရာမများက ကြိုဆိုကြသည်။

ဒုတိယသမ္မတက ဆရာ၊ ဆရာမများအား သိရှိလိုသည်များမေးမြန်းပြီး ရင်းရင်းနှီးနှီးနှုတ်ဆက်၍ အားပေးစကားပြောကြားသည်။

ထို့နောက် ရွှေသံလွင်ကုမ္ပဏီဥက္ကဋ္ဌက နည်းပညာတက္ကသိုလ်(ကလေး)အတွက် ဖုန်း၊ အင်တာနက်နှင့် ရုပ်သံလိုင်းများပါဝင်သော MPS Sky Net ရုပ်သံဖမ်းစက်၊ ရုပ်မြင်သံကြားပြစက်နှင့် လက်ဆွဲမီးစက်တို့ကို ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ကြီးက လက်ခံသည်။

ရွှေသံလွင်ကုမ္ပဏီသည် အစိုးရစက်မှုလက်မှု အထက်တန်းကျောင်း (ကလေး)အတွက်လည်း ဖုန်း၊ အင်တာနက်နှင့် ရုပ်သံလိုင်းများ ပါဝင်သော MPS Sky Net ရုပ်သံဖမ်းစက်၊ ရုပ်မြင်သံကြားပြစက်နှင့် လက်ဆွဲမီးစက်တို့ကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ကလေးမြို့မှ အထူးလေယာဉ်ဖြင့် ထွက်ခွာခဲ့ကြရာ နေပြည်တော်သို့ ညနေပိုင်းတွင် ပြန်လည်ရောက်ရှိကြသည်။

ဒုတိယသမ္မတသည် ကလေးမြို့မှ အပြန်တွင် မုံရွာ-ယာကြီး-ကလေးဝလမ်းကို လေယာဉ်ပေါ်မှ ကြည့်ရှုစစ်ဆေးခဲ့သည်။

(သတင်းစဉ်)

ကလေးမြို့နယ် ရာဇဂြိုဟ်ကျေးရွာမြောက်ဘက်နှစ်မိုင်အကွာ နေရဉ္စရာချောင်း၌ တည်ဆောက်လျက်ရှိသည့် ရာဇဂြိုဟ်ရေလှောင်တမံ ဘက်စုံစီမံကိန်းကို တွေ့ရစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတထံ ထိုင်းနိုင်ငံရောက်မြန်မာအလုပ်သမားများက အိတ်ဖွင့်ပေးစာပေးပို့

နေပြည်တော် ဇန်နဝါရီ ၁၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတထံပေးအပ်ရန် ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားများဟု ဖော်ပြလျက် အိတ်ဖွင့်ပေးစာတစ်စောင်ကို ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားအချို့က ဗန်ကောက်မြို့ရှိ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံရုံးသို့ ၁၆-၁-၂၀၁၂ ရက်တွင် လာရောက်ပေးအပ်ခဲ့ကြောင်း သိရှိရသည်။

အဆိုပါပေးစာတွင် နိုင်ငံတော်သမ္မတကြီးအနေဖြင့် ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားများ၏အရေးကို အလေးပေးစိတ်ပါဝင်စားစွာ ဆောင်ရွက်နေသည်ကို ၎င်းတို့ကိုယ်တိုင်မြင်တွေ့ရပါကြောင်း၊ ထိုင်းနိုင်ငံအတွင်း ရေဘေးဒုက္ခရောက်နေစဉ် သမ္မတကြီး၏လမ်းညွှန်မှုဖြင့် ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံရုံးက ထိုင်းနိုင်ငံသားများနှင့် မြန်မာနိုင်ငံသားများအတွက် ဆေးဝါးပစ္စည်း၊ အစားအသောက်များပေးပို့လှူဒါန်းခြင်းကို ၎င်းတို့ကိုယ်တိုင်သိရှိခံစားရပါကြောင်း၊ နိုင်ငံတွင်းငြိမ်းချမ်းရေးအတွက် လက်ရှိစေ့စပ်ဆွေးနွေးလျက်ရှိသော အဖွဲ့အစည်းများ၊ ကချင်တိုင်းရင်းသားအဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေးများရယူနိုင်စေရန် နှစ်ဖက်စလုံးမှ တာဝန်ရှိသူများအား တောင်းဆိုပါကြောင်း၊ ရှမ်း၊ ကရင်၊ ချင်းတိုင်းရင်းသားအဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေးရယူနိုင်ခြင်းအတွက် ကျေနပ်ဝမ်းမြောက်မိပါကြောင်း၊ သမ္မတကြီး၏ ယခု စတုတ္ထအကြိမ်မြောက် လွတ်ငြိမ်းချမ်းသာခွင့်ကို မြန်မာပြည်သူ၊ ပြည်သားများနှင့်တကွ တစ်ကမ္ဘာလုံးမှ လူအပေါင်းက အထူးဝမ်းသာပီတိကြည်နူးမှုဖြစ်ရပါကြောင်း၊ နောင်ဆက်လက်၍လည်း ပြည်တွင်းပြည်ပရှိ မြန်မာနိုင်ငံသားများအားလုံးကို ယခုထက်ပိုမို၍ မေတ္တာ၊ စေတနာထားပြီး စောင့်ရှောက်စေလိုပါကြောင်းဖြင့် ပါရှိကြောင်းသိရသည်။

နိုင်ငံတော်သမ္မတကြီးသည် သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံရပြီးနောက် ၃၀-၃-၂၀၁၁ ရက်က ပြည်ထောင်စုအစိုးရသစ်၏ မူဝါဒသဘောထားလမ်းစဉ်များကို ပြောကြားခဲ့ရာတွင် အလုပ်သမားများနှင့်စပ်လျဉ်း၍ "အလုပ်သမားများနဲ့ တစ်နေ့စာတစ်နေ့ ရှာဖွေစားကြရတဲ့ လက်လုပ်လက်စားသမားများအတွက်လည်း အဓိကအားဖြင့် အလုပ်အကိုင်အခွင့်အလမ်းပေါများရေး၊ ကုန်ဈေးနှုန်းတည်ငြိမ်ရေး၊ လုပ်ငန်းခွင်သက်သာချောင်ချိရေး၊ လူမှုဖူလုံရေးခံစားခွင့်ရရှိရေးတို့ကို ဆောင်ရွက်ပေးသွားမှာဖြစ်တဲ့အပြင် အခြားတစ်ဖက်ကလည်း အနိမ့်ဆုံးလစာသတ်မှတ်ချက်ကို လက်ရှိဖြစ်ပေါ်နေတဲ့ လူနေမှုစရိတ်နဲ့ မျှတလိုက်လျောညီထွေဖြစ်အောင် ညှိနှိုင်းကြိုးပမ်းဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ ပြည်တွင်းမှာရှိတဲ့ အလုပ်သမားများရဲ့ အခွင့်အရေးများသာမက ပြည်ပမှာလုပ်ကိုင်နေတဲ့ မြန်မာနိုင်ငံသားအလုပ်သမားများရဲ့ တရားဝင်အခွင့်အရေးများ အပြည့်အဝရရှိနိုင်ဖို့အတွက်ကိုလည်း ကြိုးပမ်းလုပ်ဆောင်ပေးသွားမှာဖြစ်ပါတယ်"ဟု ပြောကြားခဲ့သည်။

ပြည်ထောင်စုအစိုးရအဖွဲ့အနေဖြင့် နိုင်ငံတော်သမ္မတကြီး၏ မူဝါဒသဘောထားလမ်းစဉ်နှင့်အညီ ပြည်ပတွင်အလုပ်လုပ်ကိုင်နေသော မြန်မာနိုင်ငံသားအလုပ်သမားများအား တရားဝင်အခွင့်အရေးများ အပြည့်အဝရရှိနိုင်ရန်အတွက် ၂၇-၅-၂၀၁၁ ရက်တွင် ပြည်ပတွင် အလုပ်လုပ်ကိုင်မှု ကြီးကြပ်ရေးကော်မတီကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ကြောင်း၊ အဆိုပါကော်မတီသည် လုပ်ငန်းကော်မတီ(၃)ရပ်ကို ဖွဲ့စည်းလျက် ပြည်ပရောက်မြန်မာနိုင်ငံသား အလုပ်သမားရေးရာကိစ္စရပ်များကို ဆောင်ရွက်လျက်ရှိရာ အထူးသဖြင့် အင်အားနှစ်သန်းခန့်ရှိသော ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားအလုပ်သမားများအား ကာကွယ်စောင့်ရှောက်နိုင်ရန် အထူးကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံသားအလုပ်သမားများအားလုံးကို အချိန်တိုအတွင်း အထောက်အထားများထုတ်ပေးနိုင်ရန်အတွက် ထိုင်းနိုင်ငံနှင့်ညှိနှိုင်းပြီး လက်ရှိ တာချီလိတ်၊ မြဝတီနှင့် ကော့သောင်းနယ်စပ်စခန်းများအပြင် ထိုင်းနိုင်ငံအတွင်းသို့ အဖွဲ့ငါးဖွဲ့စေလွှတ်၍ ယာယီနိုင်ငံကူးလက်မှတ်များ ထုတ်ပေးရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့အပြင် ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားအလုပ်သမားများ၏ သားသမီးများအား အထောက်အထားထုတ်ပေးရန်နှင့် ပညာသင်ကြားပေးရန်လည်း နှစ်နိုင်ငံစီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် အလုပ်သမားဝန်ကြီးဌာနမှ အရာရှိတစ်ဦးအား ၁၈-၁၂-၂၀၁၁ ရက်မှစ၍ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံရုံး၌ တွဲဖက်လျက်တာဝန်ပေးအပ်ထားကြောင်း၊ မြန်မာနိုင်ငံသားအလုပ်သမားများအနက် အင်အားခြောက်သိန်းကျော်မှာ ယာယီနိုင်ငံကူးလက်မှတ်များကိုင်ဆောင် အလုပ်လုပ်ကိုင်လျက်ရှိကြောင်း သိရှိရသည်။

(ဝင်းမြင့်-အလုပ်သမား)

အပြည်ပြည်ဆိုင်ရာ စစ်တုရင်နည်းပြ သင်တန်းဆင်းပွဲအခမ်းအနား ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၈

အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာန၊ မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်နှင့် ကမ္ဘာ့စစ်တုရင်အဖွဲ့ချုပ်တို့ ပူးပေါင်းဖွင့်လှစ်သော အပြည်ပြည်ဆိုင်ရာ စစ်တုရင်နည်းပြသင်တန်း (FIDE Trainers Seminar) ဆင်းပွဲနှင့် ၂၀၁၁ ခုနှစ် (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၌ အောင်မြင်မှုရရှိခဲ့ကြသော မြန်မာ့လက်ရွေးစင် စစ်တုရင်အားကစားသမားများအား ဂုဏ်ပြုပွဲအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ Central Hotel ၌ ကျင်းပသည်။

ရှေးဦးစွာ ကမ္ဘာ့စစ်တုရင်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး Mr. Ignatius Leong က သင်တန်းဆင်းပွဲနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးမောင်မောင်လွင်က မြန်မာ့လက်ရွေးစင် စစ်တုရင်အားကစားသမားများအား ဂုဏ်ပြုစကားပြောကြားသည်။

ဘွဲ့လက်မှတ်ချီးမြှင့်

ယင်းနောက် ကမ္ဘာ့စစ်တုရင်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး Mr.Ignatius Leong က အပြည်ပြည်ဆိုင်ရာ စစ်တုရင်နည်းပြသင်တန်း၌ တက်ရောက်အောင်မြင်ကြသော FIDE Trainer ဘွဲ့ရရှိသူ နှစ်ဦး၊ FIDE Instructor (FI) ဘွဲ့ရရှိသူ ခြောက်ဦး၊ National Instructor (NI) ဘွဲ့ရရှိသူ ငါးဦး၊ Developmental Instructor (DI) ဘွဲ့ရရှိသူ ခုနစ်ဦးတို့အား ဘွဲ့လက်မှတ်များ ချီးမြှင့်သည်။

ပေးအပ်

ထို့နောက် မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးမောင်မောင်လွင်က (၂၆)ကြိမ်မြောက် အရှေ့တောင် အာရှအားကစားပြိုင်ပွဲတွင် ငွေတံဆိပ်ဆုရရှိသော ဝင်းဇော်ထွန်းအား ဆုကြေးငွေကျပ် ၁၈ သိန်းကို ပေးအပ်ပြီး ဒုတိယဥက္ကဋ္ဌ ဦးဝင်းအောင်က ကြေးတံဆိပ်ဆုရရှိသော ကျော်လင်းနိုင်အား ဆုကြေးငွေကျပ်ကိုးသိန်းကို ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အပြည်ပြည်ဆိုင်ရာ စစ်တုရင်နည်းပြ သင်တန်းဆင်းပွဲအပြီး ကမ္ဘာ့စစ်တုရင်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး၊ မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ် ဥက္ကဋ္ဌတို့နှင့်အတူ သင်တန်းသားများအား တွေ့ရစဉ်။

(စစ်တုရင်အဖွဲ့ချုပ်)

ပဉ္စမအကြိမ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး ပြပွဲ၊ ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၈

ရန်ကုန်တိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှု ကော်မတီကကြီးမှူး၍ တတိယအကြိမ် ယာဉ်မတော်တဆမှုကြောင့် သေဆုံးဒဏ်ရာရသူများ အမှတ်တရနေ့နှင့် ပဉ္စမအကြိမ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးပြပွဲ၊ ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၇ ရက်မှ ၃၀ ရက်အထိ ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးပြိုင်ပွဲများ ကျင်းပခဲ့ရာ ဝတ္ထုတိုပြိုင်ပွဲ၊ ဆောင်းပါးပြိုင်ပွဲ၊ ဓာတ်ပုံပြိုင်ပွဲ၊ ကာတွန်းပြိုင်ပွဲ၊ ပိုစတာပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲ၊ ဉာဏ်စမ်းပဟေဠိ ပြိုင်ပွဲနှင့် ကဗျာတေးသရုပ်ဖော်ပြိုင်ပွဲတို့တွင် ပထမ၊ ဒုတိယနှင့် တတိယရရှိကြသူများအား ဇန်နဝါရီ ၂၇ ရက်တွင် တပ်မတော်ခန်းမ၌ ဆုချီးမြှင့်သွားမည်ဖြစ်ရာ ဇန်နဝါရီ ၂၅ ရက်တွင် တပ်မတော်ခန်းမရှိ ပြိုင်ပွဲကျင်းပရေးကော်မတီသို့ သတင်းပို့ကြရမည်ဖြစ်သည်။ နှစ်သိမ့်ဆုရရှိကြသူများသည် ဇန်နဝါရီ ၂၇ ရက်တွင် တပ်မတော်ခန်းမရှိ ပြိုင်ပွဲကျင်းပရေးကော်မတီသို့ လာရောက်၍ ဆုထုတ်ယူနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သယ်န်းကျွန်းမြို့နယ်အတွင်း၌ ဇန်နဝါရီ ၁၄ ရက်က မြို့နယ်မီးသတ်ဦးစီးမှူး ဦးညာဏ်ထွန်း၊ မြို့နယ်အရန်မီးသတ် ဒုတိယတပ်ရင်းမှူး ဦးခင်မောင်ထွန်းနှင့် တပ်ဖွဲ့ဝင်များ၊ ၄/ခ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်အေးနှင့် အဖွဲ့ဝင်များ၊ ဒုတိယရဲအုပ်ဝင်းထွန်းနှင့် ရဲတပ်ဖွဲ့ဝင်များ ၄/ခ ရပ်ကွက် လူနေအိမ်များ၊ စက်ရုံအလုပ်ရုံများ ညွှန်ကြားချက်များနှင့်အညီ မီးသုံးစွဲခြင်း ရှိ၊ မရှိ လိုက်လံကွင်းဆင်းစစ်ဆေး ပညာပေးဆွေးနွေးစဉ်။ (၅၀၆)

မီးကြွင်းမီးကျန်မှုတစ်ဆင့် မန္တလေးဈေးချိုမုန့်စုံတန်းမီးလောင်

မန္တလေး ဇန်နဝါရီ ၁၈

မန္တလေးမြို့ ဈေးချိုတော် ၂၇ လမ်းနှင့် ၂၈ လမ်း၊ ၈၅ လမ်းနှင့် ၈၆ လမ်းကြား မုန့်စုံတန်း၌ ဇန်နဝါရီ ၁၆ ရက် နံနက် ၅ နာရီ ၁၅ မိနစ်က ဆိုင်ခန်းအမှတ်(၁) နှင်းဝေအောင် လက်ဖက်ရည်ဆိုင်ခန်း မီးကြွင်းမီးကျန်မှုတစ်ဆင့် မီးစတင်လောင်ကျွမ်းရာ နံနက် ၅ နာရီခွဲတွင် မီးကိုထိန်းနိုင်ခဲ့ပြီး နံနက် ၅ နာရီ ၄၅ မိနစ်တွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။

မီးလောင်မှုကြောင့် ယင်းဆိုင်ခန်းနှင့် အရှေ့ဘက်ကပ်လျက် ထန်းလျက်ဆိုင်၊ ရွှေထိပ်တန်းမုန့်ဆိုင်၊ ဒေါ်မြမေ မုန့်ဆိုင်တို့ မီးလောင်ကျွမ်းခဲ့သည်။ မီးလောင်ရာသို့ မီးသတ်ယာဉ် ၃၇ စီး၊ သန္ဓေမီးသတ် ၄၀၊ အရန်မီးသတ် ၁၅၀ လာရောက်မီးငြိမ်းသတ်ခဲ့သည်။

မီးပေါ့ဆသူ နှင်းဝေအောင် ကဖေးပိုင်ရှင် သီရိမာလာအနောက်ရပ်ကွက် အောင်မြေသာစံမြို့နယ် နေသူအား အမှတ်(၆) ရဲစခန်းက အမှုဖွင့်အရေးယူထားသည်။ (သီဟကိုကို)

မီးကြွင်းမီးကျန်မထားရန် ကျင့်ကြံသတိအမြဲရှိ

နိုင်ငံတကာအားကစားသတင်းများ ဟိန်းထက်၊ နိုင်လင်းကြည်

အာဆင်နယ်သို့အငှားစာချုပ်ဖြင့် ရောက်ရှိနေသည့် ဟင်နရီ အာဆင်နယ်ပရိသတ်တစ်ဦးနှင့် ကတောက်ကဆတ်ဖြစ်

လန်ဒန် ဇန်နဝါရီ ၁၈

အာဆင်နယ်သို့အငှားစာချုပ်ဖြင့် ပြန်လည်ရောက်ရှိနေသည့် တိုက်စစ်မှူး ဟင်နရီသည် ၎င်း၏ပထမဆုံးပွဲစဉ်တွင် အနိုင်ဂိုးသွင်းယူနိုင်ခဲ့သဖြင့် မျက်နှာပန်းလှခဲ့သော်လည်း ပြီးခဲ့သည့် တနင်္ဂနွေနေ့က ဆွမ်ဆီးနှင့်ကစားခဲ့သည့် ၎င်း၏ ဒုတိယမြောက်ပွဲစဉ်တွင် အသင်းပရိသတ်တစ်ဦးနှင့် ကတောက်ကဆတ်ဖြစ်ခဲ့ရသည်။

ယင်းပွဲစဉ်တွင် အာဆင်နယ်အသင်းသည် ဆွမ်ဆီးအသင်းအား နှစ်ဂိုး-သုံးဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။ အဆိုပါပွဲစဉ်ပြီးဆုံးချိန်တွင် ဟင်နရီက ၎င်း၏အသင်းဖော်များအား ပရိသတ်များကို လေးစားသည့်အနေဖြင့် လိုက်လံနှုတ်ဆက်ရန်တိုက်တွန်းခဲ့ပြီး ၎င်းကိုယ်တိုင်လည်း လိုက်လံနှုတ်ဆက်ခဲ့သည်။ သို့သော် ကံမကောင်းအကြောင်းမလှစွာဖြင့် ပရိသတ်တစ်ဦးက ၎င်း၏စိတ်ပျက်မှုကို ဖော်ထုတ်သည့်အနေဖြင့် ဟင်နရီအား ကျယ်လောင်စွာ အော်ဟစ်ဝေဖန်ပြောဆိုခဲ့သည်။

ယင်းကြောင့် ဟင်နရီက အသင်းဘက်မှ မားမားမတ်မတ်ရပ်တည်ကြရန်၊ ကစားသမားများကို အားပေးထောက်ခံကြရန်နှင့် အတိုက်အခံမလုပ်ကြရန် ပြန်လည်အော်ဟစ်ပြောဆိုခဲ့သည်။ အဆိုပါပွဲစဉ်အတွင်း ဟင်နရီသည် ပွဲချိန် ၆၃ မိနစ်မှသာ လူစားလဲဝင်ကစားခဲ့ရသည်။

ယင်းပြဿနာနှင့် ပတ်သက်၍ နည်းပြ အာစင်ဝင်းဂါးက မိမိသည် ဟင်နရီအား ပွဲစတင်ကတည်းက ပွဲထုတ်သင့်ခဲ့ကြောင်း၊ ယင်းသို့ဆိုလျှင် ယခုလို ပဋိပက္ခလည်း ဖြစ်လာမည် မဟုတ်ကြောင်း၊ ဟင်နရီအနေဖြင့်လည်း မိနစ်အနည်းငယ်အတွင်း ပွဲ၏အဖြေကို ပြောင်းလဲရန်မှာ လွယ်ကူသည့် ကိစ္စမဟုတ်ကြောင်း၊ ပရိသတ်များဘက်ကလည်း ပထမဆုံးပွဲတွင် ဂိုးသွင်းယူနိုင်ခဲ့ပြီး ယခုဂိုးမသွင်းနိုင်ခဲ့၍ အားမလိုအားမရဖြစ်ကာ ပြောဆိုခဲ့ခြင်းဖြစ်ကြောင်း သုံးသပ်ပြောဆိုခဲ့သည်။

အင်တာနက်။

ဘာဘာတော့ဗ်က အသင်းဟောင်းလေဗာကူဆင်သို့ပြန်ရေး ဆွေးနွေးမည်ဟုဆို

မန်ချက်စတာ ဇန်နဝါရီ ၁၈

မန်ယူတိုက်စစ်မှူး ဒီမီတာ ဘာဘာတော့ဗ်သည် ဘိုင်ယန်မြူးနစ်နှင့် အန်ဇီအသင်းတို့က စိတ်ဝင်တစားရှိ နေစဉ် အသင်းဟောင်း ဘေယာလေဗာကူဆင်အသင်းသို့ ပြန်လည်ကစားရေးနှင့် ပတ်သက်၍ ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်လျက်ရှိကြောင်း Sky Sports က သတင်းဖော်ပြသည်။

ဘာဘာတော့ဗ်သည် ယခုနှစ်နွေရာသီတွင် မန်ယူနှင့်စာချုပ်သက်တမ်း ကုန်ဆုံးမည်ဖြစ်၍ ပြောင်းရွှေ့ကစားရန် ချိတ်ဆက်ထားပြီး မန်ယူအသင်းနည်းပြဆာအဲလက်စ်ဖာဂူဆန်၏ ပွဲထွက်ကစားခွင့် အစီအစဉ်တွင်လည်း နောက်ကောက်ကျလျက်ရှိသည်။

မန်ယူတိုက်စစ်မှူး ဘာဘာတော့ဗ်က အိုးထရက်ဖို့ဒ်မှ ထွက်ခွာရန် အစီအစဉ်မရှိကြောင်း၊ သို့သော်လည်း လေဗာကူဆင်အသင်းနှင့် ဆွေးနွေးမှုများ ပြုလုပ်ရန် မျှော်လင့်ထားခဲ့ကြောင်း ဒီဇင်ဘာလအတွင်းက ပြောကြားခဲ့သည်။

မန်ယူအသင်းကလည်း တိုက်စစ်မှူး ဘာဘာတော့ဗ်ကို အသက်(၃၀)နှစ် ပြည့်ပြီးဖြစ်သော်လည်း နောက်ထပ် စာချုပ်သက်တမ်း တစ်နှစ်ထပ်တိုးချုပ်ဆိုရန် ကမ်းလှမ်းထားသည်။

သို့သော် ဘွန်ဒက်လီဂါ၏ အင်အားကြီးသော ဘိုင်ယန်မြူးနစ်အသင်းနှင့် ရုရှားကလပ် အန်ဇီအသင်းတို့က စိတ်ဝင်စားနေကြောင်းနှင့် ယခုနှစ်ဘောလုံးရာသီတွင် မန်ယူအသင်းအနေဖြင့် ဘူဂေးရီးယားနိုင်ငံသား ဘာဘာတော့ဗ်ကို ရွှန်းနီ၊ ဝဲလ်ဘက်နှင့် ဟာနန်ဒက်ဇ်တို့၏ နောက်တွင် စတုတ္ထမြောက်ရွေးချယ်ခဲ့ခြင်းတို့က ဘာဘာတော့ဗ်၏ အနာဂတ်နှင့်ပတ်သက်၍ အဆုံးအဖြတ်ပေးနိုင်ဖွယ်ဖြစ်နေသည်။

တိုက်စစ်မှူးဘာဘာတော့ဗ်သည် ၂၀၀၆ ခုနှစ်က လေဗာကူဆင်အသင်းမှ စပါးအသင်းသို့ ပြောင်းရွှေ့ကစားခဲ့ပြီး ၂၀၀၈ ခုနှစ်တွင် မန်ယူအသင်းသို့ ပေါင် ၃၀ ဒသမ ၇၅ သန်းဖြင့် ပြောင်းရွှေ့ကစားခဲ့သည်။

ဘိုင်ယန်မြူးနစ်အသင်းအနေဖြင့်လည်း အိုလစ်နေရာတွင် ဘာဘာတော့ဗ်ကို အစားထိုးကစားရန် ရွေးချယ်လိုက်ခြင်းဖြစ်ကြောင်း ယူဆရသည်။

အင်တာနက်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ဩစတြေးလျအောက်လွှတ်တော်ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ နှစ်နိုင်ငံဆက်ဆံရေးတိုးမြှင့်ဆောင်ရွက်ရေး၊ နှစ်နိုင်ငံလွှတ်တော်ဆိုင်ရာများ ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး

နေပြည်တော် ဇန်နဝါရီ ၁၈

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် ဩစတြေးလျနိုင်ငံ အောက်လွှတ်တော်အမတ် မစ္စဂျဲနက်လေဆဖ်ဖင်းဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့်အတူ ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း၊ အမျိုးသားလွှတ်တော် ကော်မတီဥက္ကဋ္ဌများနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် နှစ်နိုင်ငံဆက်ဆံရေး တိုးမြှင့်ဆောင်ရွက်ရေး၊ နှစ်နိုင်ငံလွှတ်တော်ဆိုင်ရာများ ပူးပေါင်းဆောင်ရွက်ရေးတို့နှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြသည်။

(သတင်းစဉ်)

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ဩစတြေးလျနိုင်ငံ အောက်လွှတ်တော်အမတ် မစ္စဂျဲနက်လေဆဖ်ဖင်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံစဉ်။

(သတင်းစဉ်)

မြေယာစီမံခန့်ခွဲမှုစိစစ်ရေးအဖွဲ့အနေဖြင့် မြေယာများကို စီမံခန့်ခွဲဆောင်ရွက်ရာတွင် ဥပဒေကြောင်းအရလည်းကောင်း၊ အမှန်တကယ် ရထိုက်ခွင့်ရှိသူများ နစ်နာဆုံးရှုံးမှု မရှိစေရေးအတွက်လည်းကောင်း စနစ်တကျ ကြီးကြပ်ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇန်နဝါရီ ၁၈

နေပြည်တော် မြေယာစီမံခန့်ခွဲမှုစိစစ်ရေးအဖွဲ့ အစည်းအဝေး အမှတ်စဉ်(၄/၂၀၁၂)ကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ နေပြည်တော် မြေယာစီမံခန့်ခွဲမှုစိစစ်ရေးအဖွဲ့ ဥက္ကဋ္ဌ နေပြည်တော်ကောင်စီဝင် ဦးကံချွန်၊ စိစစ်ရေးအဖွဲ့ဝင်များ၊ ခရိုင်အဆင့် ဥပဒေရုံး၊ ရဲတပ်ဖွဲ့၊ သစ်တော၊ မြေစာရင်း၊ ဆည်မြောင်း၊ ဆောက်လုပ်ရေးတို့မှ တာဝန်ရှိသူများ၊ နေပြည်တော်မြို့နယ် ရှစ်မြို့နယ်မှ မြို့နယ်အုပ်ချုပ်ရေးမှူးများ တက်ရောက်ကြသည်။

ယနေ့ အစည်းအဝေးတွင် မီးသွေးဖိုကုန်းကျေးရွာရှိ လယ်ယာမြေများပေါ်၌ တရားမဝင်ကျူးကျော် ဝင်ရောက်နေထိုင်မှုဆိုင်ရာများနှင့် နေရာချထားမှု တိကျမှန်ကန်ရေးဆိုင်ရာများကို ဆွေးနွေးကြကြောင်းသိရှိရသည်။

မီးသွေးဖိုကုန်းကျေးရွာသည် လယ်ဝေးမြို့နယ် ရှမ်းစုကျေးရွာအုပ်စုတွင်ပါဝင်ပြီး ၂၀၀၃ ခုနှစ်တွင် ကောက်ယူခဲ့သော စာရင်းအရ အိမ်ခြေ ၁၇ လုံး၊ ၂၀၀၉ ခုနှစ် လယ်ယာသန်းခေါင်စာရင်းအရ အိမ်ခြေအလုံး ၂၀ သာရှိခဲ့သည့် ကျေးရွာငယ်လေးဖြစ်သည်။

၂၀၁၁ ခုနှစ် အောက်တိုဘာလတွင် နေပြည်တော်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ ဆောင်ရွက်နိုင်ရန်အတွက် ထပ်မံစာရင်းကောက်ယူခဲ့ရာ မီးသွေးဖိုကုန်းကျေးရွာ၌ အိမ်ခြေ ၁၃၃ လုံး၊ အိမ်ထောင်စု ၁၄၅ စုအထိ လျင်မြန်စွာ တိုးပွားလာခဲ့ကြောင်း စိစစ်တွေ့ရှိရသည်။

အဆိုပါ အိမ်ထောင်စု ၁၄၅ စုအနက် မူလဒေသခံနေထိုင်သူများ၊ နောက်ပိုင်း အိမ်ထောင်ကျ၍ အိုးခွဲနေထိုင်သည့် သားသမီးများနှင့် မူလမြေပိုင်ဆိုင်ပြီး ယခုပြန်လည်အခြေစိုက်နေထိုင်သည့် ဒေသခံများ စုစုပေါင်း အိမ်ထောင်စု ၄၉ စုအတွက် ဒက္ခိဏသီရိမြို့နယ် ရွှေအင်ကြင်းရပ်ကွက်(၂)တွင် ပေ ၆၀ × ၆၀ မြေကွက်များ ချထားပေးခဲ့ပြီးဖြစ်သည်။ ထို့ပြင် ၎င်းမိသားစုများအတွက် အဆောက်အအုံလျော်ကြေးငွေကျပ် ၁၈၉ ဒသမ ၁၁ သိန်း၊ ရွှေ့ပြောင်းစရိတ်ငွေကျပ်သိန်း ၁၂၀၊ နှစ်ရှည်စားပင်လျော်ကြေးငွေကျပ် ၂၀ ဒသမ ၈၇ သိန်းတို့ကိုလည်း နေပြည်တော် စည်ပင်သာယာရေးကော်မတီ အထူးဖွံ့ဖြိုးရေးစီမံကိန်းက ပေးအပ်ခဲ့ပြီးဖြစ်သည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❐

ဝေလငါး ကျောက်ဖြစ်ရုပ်ကြွင်းများအား ရှာဖွေတွေ့ရှိရသည့်နေရာတွင် သုတေသနပြုလုပ်လျက်ရှိကြစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ဝေလငါးကျောက်ဖြစ်ရုပ်ကြွင်းများကို ချီလီသိပ္ပံပညာရှင်များ ရှာဖွေတွေ့ရှိ

ဘာသာပြန် ရောမောင်

ဆန်တီယေဂို ဇန်နဝါရီ ၁၈

သက်တမ်း နှစ်ပေါင်း ခုနစ်သန်းရှိဝေလငါး ကျောက်ဖြစ်ရုပ်ကြွင်းများကို ချီလီသိပ္ပံပညာရှင်များက မကြာသေးမီက ရှာဖွေတွေ့ရှိခဲ့ကြောင်း ဇန်နဝါရီ ၁၆ ရက် သတင်းတွင် ဖော်ပြသည်။

ချီလီနိုင်ငံ မြို့တော်ဆန်တီယေဂိုမှ မိုင် ၅၄၀ အကွာတွင် အဆိုပါ ဝေလငါးကျောက်ဖြစ်ရုပ်ကြွင်းများကို ရှာဖွေတွေ့ရှိခဲ့ကြောင်း သိပ္ပံပညာရှင်များက ပြောကြားခဲ့သည်။

ဝေလငါး အကောင် ၈၀ ၏ ရုပ်ကြွင်းများကို နေရာတစ်နေရာတည်း၌ တစုတဝေး တွေ့ရှိရခြင်းမှာ ကမ္ဘာ့သမိုင်းတွင် ပထမဆုံးအကြိမ်ဖြစ်ကြောင်း၊ ယင်းသို့ တွေ့ရှိရသော နေရာကို ဒေသခံပြည်သူများက

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖

ဖားကန့်မြို့နယ်၌ KIA အဖွဲ့က ထောင်ထားသော မိုင်းများနင်းမိသဖြင့် အပြစ်မဲ့ပြည်သူသုံးဦး သေဆုံး၊ တစ်ဦးဒဏ်ရာရရှိ

နေပြည်တော် ဇန်နဝါရီ ၁၈

ဖားကန့်မြို့နယ်မှ မိုးကောင်းမြို့သွား ခရီးသည်တင်မှန်လုံယာဉ်တစ်စီးသည် ဇန်နဝါရီ ၁၆ ရက် မွန်းတည့် ၁၂ နာရီခန့်က ကာမိုင်းမြို့နယ်ခွဲ ခွန်ဆိုင်ဇွပ်ရွာအနီး ကားလမ်းယာဘက်ဘေး၌ ခေတ္တရပ်နားစဉ် ကားပေါ်မှ ဆင်းပြီး အပေါ့သွားသူခရီးသည် မင်းပြားမြို့နယ် ဆင်အိုးချေကျေးရွာနေ မောင်ဆန်းဝင်း အသက်(၁၈)နှစ်သည် KIA သောင်းကျန်းသူများ ထောင်ထားသည့် မိုင်းတစ်လုံးအား နင်းမိပြီး ပေါက်ကွဲခဲ့သဖြင့် ၎င်း မောင်ဆန်းဝင်းနှင့် အမျိုးသားတစ်ဦး(စိစစ်ဆဲ) တို့နှစ်ဦး အခင်းဖြစ်နေရာ၌ ပွဲချင်းပြီး သေဆုံးခဲ့သည်။ ထို့ပြင် မိုင်းပေါက်ကွဲမှုကြောင့် ယာပေါင်ကျိုး၊ ယာတံတောင်ဆစ်နှင့် လက်ဖျံ ခြောက်လက်မခန့် ပွင့်ထွက်၊ ဝဲခြေဖျားမှ ဒူးအထိ ညိုမည်းဒဏ်ရာများ ရရှိခဲ့သည့် ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ် စင်အုံးရွာနေ မောင်အောင်ထွန်းခိုင် အသက်(၂၁)နှစ်မှာ မိုးကောင်းဆေးရုံသို့ ပို့ဆောင်စဉ် မိုးကောင်းမြို့အဝင်၌ ရရှိဒဏ်ရာဖြင့်ပင် သေဆုံးသွားကြောင်း သိရှိရသည်။

စာမျက်နှာ ၄ ကော်လံ ၄ သို့ ◆

ထူးခြားသည့် ညအပူချိန်

(၁၈-၁-၂၀၁၂)

နမ့်စန်	၁ ဒီဂရီစင်တီဂရိတ်
ပင်လောင်း	၁ ဒီဂရီစင်တီဂရိတ်
ဟဲဟိုး	၂ ဒီဂရီစင်တီဂရိတ်
လွိုင်လင်	၂ ဒီဂရီစင်တီဂရိတ်
မိုးကုတ်	၄ ဒီဂရီစင်တီဂရိတ်
လားရှိုး	၄ ဒီဂရီစင်တီဂရိတ်

အတည်ပြုချိန် - ၁၂း၄၅